ကာလေန ဓမ္မသာကစ္ဆာ ဧတံ မင်္ဂလ မုတ္တမံ၊ သင့်လျော်သောအခါ၌ တရားဆွေးနွေးခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၁၀ ရက်၊ တနင်္လာနေ့၊ အတွဲ(၆၁)၊ အမှတ်(၂၂၀)

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မား ရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ပုဂံ အာနန္ဒာဘုရားကြီး စိန်ဖူးတော်အသစ်တင်လှူပူဇော်ခြင်းမင်္ဂလာအခမ်းအနားကျင်းပ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း တက်ရောက်ကြည်ညို၍စိန်ဖူးတော်တင်လှူ

ရန်ကုန် မေ ၉

မန္တလေးတိုင်း ညောင်ဦးခရိုင် ပုဂံ–ညောင်ဦးရှိ ပုဂံမြို့ အာနန္ဒာဘုရားကြီး စိန်ဖူးတော်အသစ် တင်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို မေ ၈ ရက် နံနက် ၉ နာရီတွင် အာနန္ဒာဘုရားကြီး၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညိုကြပြီး စိန်ဖူးတော်ကို တင်လှူပူဇော်ပေးကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✡

စိန်ဖူးတော် တင်လှူပူဇော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ ပုဂံမြို့ အာနန္ဒာဘုရားကြီး(အပေါ်ပုံ) **စိန်ဖူးတော်အသစ် တင်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနားတွင် စိန်ဖူးတော်ကို မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ တင်လှူပူဇော်ပေးကြစဉ်။** (ယာပုံ)

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

10-5 (01).p65 1 03/24/1905, 9:43 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ မေလ ၁၀ ရက်)

ကယားပြည်နယ် ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်း ဒေသခံပြည်သူများ၏ လိုအပ်ချက်ဖြည့်ဆည်းပေး

နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ဒေသတာဝန်ခံများ၊ ဝန်ထမ်းများ၊ ပြည်သူများသည် မိမိနယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ညီညီညွတ်ညွတ် ပူးပေါင်း ဆောင်ရွက်မှုများကြောင့် ပြည်နယ်၊တိုင်း ဒေသအသီးသီးသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့နိုင်သည်။

ကယားပြည်နယ် အပါအဝင် ပြည်ထောင်စုတစ်ဝန်း၌ ကားလမ်း၊ ရထားလမ်းများ တိုးချဲ့ဖောက်လုပ်ခြင်း၊ မြစ်ကူးချောင်းကူးတံတားများ တည်ဆောက်ခြင်း၊ လေကြောင်းလိုင်းများ တိုးချဲ့ခြင်း၊ ကျေးလက်ဒေသသုံး တယ်လီဖုန်းများ အပါအဝင် တယ်လီဖုန်း ကွန်ရက်စနစ် တိုးချဲ့ခြင်းတို့ကြောင့် ပြည်နယ်၊ တိုင်းများအကြား အနေဝေးနေရမှုများ ကျဉ်းကျုံ့သွားပြီး တိုင်းရင်းသားအချင်းချင်း အပြန်အလှန်အထိအတွေ့များလာကာ ရင်းနှီးချစ်ကြည်မှုများ တိုးပွား၍ ပြည်ထောင်စုစိတ်ဓာတ်များ တိုးပွားစေလျက်ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အဖွဲ့ဝင်များသည် မေလ ၅ရက်နေ့နံနက်ပိုင်းက လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကယားပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ လွိုင်ကော်ခရိုင်နှင့် လွိုင်ကော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက အမှာစကားပြောကြားရာ၌-

> **"ကယားပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများက ကြိုးပမ်းအကောင် အထည်ဖော်ဆောင်ရွက်ရာ၌ လိုအပ်သည်များကို ပံ့ပိုးကူညီဖြည့်ဆည်းပေးနိုင်ရန် မိမိတို့ ဗဟိုအဆင့်အနေဖြင့် ကယားပြည်နယ် လွိုင်ကော်မြို့သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကို တည်ဆောက်နေသည့် ယနေ့အချိန်ကာလတွင် ကယားပြည်နယ်သည်လည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို တွေ့ရကြောင်း၊ အရှိန်အဟုန်မပျက် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း"**

မှာကြားသည်။

ကယားပြည်နယ်အတွင်း စိုက်ပျိုးမြေတိုးချဲ့ခြင်း၊ စိုက်ပျိုးရေရရှိအောင် ကြိုးပမ်းဆောင်ရွက်ခြင်းတို့ကြောင့် ပြည်နယ်၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည် ယခင်ကထက် မနှိုင်းယှဉ်သာအောင် တိုးတက်လာနေပြီ ဖြစ်သည်။ ပြည်နယ်အနေဖြင့် ဒေသဆန် စတင်ဖူလုံမှုရှိလာပြီ ဖြစ်သည်ကိုလည်း ဝမ်းမြောက်ဖွယ် တွေ့ရှိလာရသည်။

ယခင်က ပြည်နယ်၏အသားတင်စိုက်ပျိုးမြေသည် ဧက ၈၅၀၀၀ ကျော်သာရှိခဲ့ရာမှ ယခုအခါဧက ၁၄၀၀၀၀ ခန့်အထိ တိုးတက်လာခဲ့သည်။ တစ်နှစ်ပတ်လုံး သီးနှံစိုက်ပျိုးနိုင်သည့် ဧရိယာဧက နှစ်သိန်းကျော်အထိ တိုးတက် ရရှိလာသည်။

ကယားပြည်နယ်၏ လူဦးရေနှင့်တည်ရှိသော မြေသယံဇာတကို ချိန်ထိုးကြည့်ပါက မြေသယံဇာတပေါများသဖြင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ မဏ္ဍိုင်ပြုကာ ပြည်နယ်ဖွံ့ဖြိုးတိုးတက်လာရေး အလေးထားလုပ်ကိုင်သွားကြရမည် ဖြစ်သည်။ တစ်ဖက်မှလည်း ထွက်ကုန်သီးနှံများကို ဈေးကွက်သို့ တင်ပို့နိုင်သည့် ကားလမ်း၊ ရထားလမ်းများရှိပြီးဖြစ်ရာ လယ်ယာသီးနှံများ စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်ရန် ကြိုးပမ်းသွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ကယားပြည်နယ်တွင် တာဝန်ထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် ကယား ပြည်နယ်ကို မိမိရပ်ရွာဒေသကဲ့သို့ သဘောထား၍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းသွားကြရန်နှင့် ဒေသခံပြည်သူ များ၏ လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးနိုင်ရေး အားကြိုးမာန်တက် ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီးဦးအောင်သောင်း ခေါင်းဆောင်သော မြန်မာစက်မှုကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးခဲ့

ရန်ကုန် မေ ၉

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း ခေါင်းဆောင်သော မြန်မာစက်မှုကိုယ်စားလှယ်အဖွဲ့သည် မေ ၇ရက် ညနေ ၆ နာရီ မိနစ် ၅၀ က ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ခေါင်းဆောင်သော မြန်မာစက်မှုကိုယ်စားလှယ်အဖွဲ့အား အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ အမှတ်(၁)စက်မှု ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဝန်ကြီးနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသည့် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည် မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးစိုးရီ၊စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးအယ်လ်ဇော်ရှန်း၊ မြန်မာ့ အထည်အလိပ်လုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးရဲဝင်း၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးတင်မောင်ဝင်း၊ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်းမှအထွေထွေမန်နေဂျာဦးသိန်းဝင်း၊ မြန်မာ့အထည်အလိပ်လုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးကိုကိုလွင်တို့ ပြန်လည်လိုက်ပါလာကြသည်။

ရှင်းလင်းတင်ပြ

မြန်မာ-ထိုင်း နှစ်နိုင်ငံ စက်မှုပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ရေးအစီအစဉ်အရ ထိုင်းနိုင်ငံ စက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Phinij Jarusombat ၏ဖိတ်ကြားချက်အရ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ဦးဆောင်သော စက်မှုကိုယ်စားလှယ်အဖွဲ့သည် မေ၃ရက် နံနက် ၁၁နာရီခွဲတွင် ထိုင်းနိုင်ငံသို့ ရောက်ရှိရာ မွန်းလွဲပိုင်းတွင် ထိုင်းနိုင်ငံ Board of Investment (BOI) မှ အတွင်းရေးမှူးချုပ် Mr. Somphong Wanapha က ဝန်ကြီးနှင့်အဖွဲ့ဝင်များအား နေ့လယ်စာဖြင့် တည်ခင်း ကျွေးမွေးဧည့်ခံပြီး Board of Investment ၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆွေးနွေး

ဝန်ကြီး ဦးအောင်သောင်းနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ထိုင်းနိုင်ငံ စက်မှုဝန်ကြီးဌာနသို့ ရောက်ရှိပြီး ထိုင်းနိုင်ငံ စက်မှုဝန်ကြီးဌာန ဝန်ကြီး H. E. Mr. Phinij Jarusombat အား တွေ့ဆုံ၍ နှစ်နိုင်ငံစက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စများနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မေ၄ရက် နံနက် ၁၀နာရီခွဲတွင် Angthong ခရိုင်ရှိ Thai Rayon Public Co.,Ltd. သို့ ရောက်ရှိရာ Governor of Angthong Province နှင့် Thai Rayon Public Co.,Ltd. ဥက္ကဋ္ဌ Mr. Bajaj တို့က ကြိုဆိုပြီး စက်ရုံ ရှင်းလင်းဆောင်၌ ကုမ္ပဏီဥက္ကဋ္ဌ Mr. Bajaj က စက်ရုံနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာစက်မှုကိုယ်စားလှယ်အဖွဲ့သည် Viscose Rayon စက်ရုံနှင့် Sulphuric Acid စက်ရုံတို့ကို ကြည့်ရှုလေ့လာသည်။

ကြည့်ရှုလေ့လာ

ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မေ၅ရက် နံနက် ၁၀နာရီခွဲတွင် အယုဒ္ဓယမြို့ (Ayuthaya) ရှိ Nipro (Thailand) Co.,Ltd . သို့ရောက်ရှိရာ ဝန်ကြီးနှင့်အဖွဲ့အား Governor of Ayuthaya Province နှင့် Nipro (Thailand)Corporation ဥက္ကဋ္ဌ Mr. Osama Nakano တို့က ကြိုဆိုနှုတ်ဆက်သည်။

ဆက်လက်၍ စက်ရုံခန်းမ၌ Nipro(Thailand) Co., Ltd ဥက္ကဋ္ဌ Mr. Osama Nakano က စက်ရုံ၏ ထုတ်လုပ်မှုနည်းစဉ်အဆင့်ဆင့်နှင့် ကုန်ပစ္စည်းနမူနာများကို ပြသ၍ ရှင်းလင်းသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် စက်ရုံအတွင်းရှိ တစ်ခါသုံး ဆေးထိုးအပ် ထုတ်လုပ်မှုအဆင့်ဆင့်၊ ဆေးထိုးပြွန် ထုတ်လုပ်မှုအဆင့်ဆင့်နှင့် သွေးကြောသွင်းဆေးရည်ထိုးရာတွင် အသုံးပြုသည့် DRIPSET အမျိုးမျိုး ထုတ်လုပ်နေမှုအဆင့်ဆင့်ကို ကြည့်ရှုလေ့လာကြသည်။

ပြန်လည်ဆွေးနွေး

ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မေ၆ရက် နံနက် ၈နာရီခွဲတွင် ဗန်ကောက်မြို့ Industrial Estate Authority of Thailand (IEAT) ရုံးချုပ်သို့ ရောက်ရှိရာ ရှင်းလင်းခန်းမ၌ IEAT Chairman နှင့် Governor တို့က IEAT ၏ လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေ များနှင့် ထိုင်း-မြန်မာ နယ်စပ်တစ်လျှောက် မြန်မာဘက်ခြမ်း၌ စက်မှုဇုန်များ ဖော်ထုတ်ရေးနှင့် ပတ်သက်၍ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ASEAN နိုင်ငံများအပြင် BIMSTEC နိုင်ငံများအထိ ချစ်ကြည်ရင်းနှီး၍ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာအဖြစ် တိုးချဲ့ ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုင်းနှင့်မြန်မာနိုင်ငံသည် ရှည်လျားသော နယ်စပ်ဒေသများ ဆက်စပ်လျက်ရှိရာ နှစ်နိုင်ငံ စီးပွားရေးဆက်ဆံမှု နယ်ပယ်ကျယ်ပြန့်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဆွေးနွေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် Chonburi ခရိုင်ရှိ Amata Nakorn Industrial Estate စက်မှုဇုန်သို့ ရောက်ရှိရာ စက်မှုဇုန်ဥက္ကဋ္ဌ Police General (Retd) Chavalit Yodmani က စက်မှုဇုန်အတွင်း လိုက်လံရှင်းလင်း ပြသသည်။

မွန်းလွဲ၂နာရီတွင် ထိုင်းနိုင်ငံ Board of Investment (BOI) မှ Sofital Central Plaza Hotel ၌ ကျင်းပသော Business Meeting on Investment Opportuity in Myanmar ဆွေးနွေးပွဲကိုအမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ခေါင်းဆောင်သော မြန်မာစက်မှုကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေးသည်။

ဝန်ကြီးသည် ထိုနေ့ညနေ(၄)နာရီတွင် ထိုင်းနိုင်ငံအစိုးရ ဒုတိယဝန်ကြီးချုပ်ရုံးသို့ သွားရောက်၍ ဒုတိယဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးချာဗလစ်ယောင်ချိုင်ယု (Chavalit Young Chaiyut)အား တွေ့ဆုံ၍ ထိုင်း-မြန်မာနှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးတက်ရေး၊ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အောင်မြင်ရေးကိစ္စများကို ဆွေးနွေးသည်။

ကြိုဆိုနှုတ်ဆက်

ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မေ ၇ရက် နံနက် ၁၀နာရီခွဲတွင် ဆင်ဘူရီ (Singhburi) ခရိုင်ရှိ လျှပ်စစ်သုံး ကြွေသီးအမျိုးမျိုးထုတ်လုပ်သော Asian Insulator Public Co.,Ltd.သို့ ရောက်ရှိပြီး စက်ရုံအတွင်းလျှပ်စစ်သုံး ကြွေသီးများ အမျိုးမျိုးထုတ်လုပ်နေမှုကို ကြည့်ရှုလေ့လာကြကြောင်း **(ဝဲပုံ)** သတင်းရရှိသည်။ **(သတင်းစဉ်)**

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ရှင်းလင်းမှာကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပခုက္ကူမြို့နယ် ရွှေတန့်တစ်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းတွင် ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းမှာကြားစဉ်။ (သတင်းစဉ်)

■ ကျောဖုံးမှ

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌွန်းတင်နှင့် တာဝန်ရှိသူများက ရွာသာယာမြစ်ရေတင်စခန်းမှ ကြိုဆိုကြသည်။

နည်းလမ်းများတင်ပြ

ထို့နောက် ရွာသာယာမြစ်ရေတင်စခန်းအနီးရှိ ယာယီရှင်းလင်းဆောင်၌ တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်က မိတ္ထီလာခရိုင်အတွင်းရှိ နယ်မြေများ စိုက်ပျိုးရေ ကျယ်ပြန့်စွာရရှိပြီး ဒေသစိမ်းလန်းစိုပြည်ရေးအတွက် ရေရရှိနိုင်သည့် အလား အလာများနှင့် မြေပြင်အနေအထား လေ့လာထားမှုများ၊ မိတ္ထီလာခရိုင်အတွင်းရှိ နိုင်ငံတော်က တည်ဆောက်ထားသည့် ရေလှောင်တမံများနှင့် ကျေးရွာသုံး ဆည်/ကန်နှင့် ဖွံ့ဖြိုးရေးတစ်ပိုင်တစ်နိုင်ကန်များ၏ အကျိုးသက်ရောက်မှု အခြေအနေများ၊ မြစ်ငယ်မြစ်ရေကို အဆင့်ဆင့် ရေတင်စနစ်ဖြင့် ထပ်ဆင့် ရေပေးဝေနိုင်ရန် လေ့လာထားသည့် နည်းလမ်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးဗိုလ်ချုပ်ဌွန်းတင်က မိတ္ထီလာခရိုင်အတွင်းရှိ မြို့နယ်များ စိုက်ပျိုးရေအပြည့်အဝရရှိရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် မြစ်ငယ်မြစ်ကို အသုံးချဆောင်ရွက်သွားရန် အကြမ်းဖျင်းလေ့လာထားသည့် နည်းလမ်းသုံးသွယ်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မိတ္ထီလာလွင်ပြင်နှင့် ပခုက္ကူလွင်ပြင်တို့၌ စပါးသီးနှံအပါအဝင် ရာသီသီးနှံများကို စိုက်ပျိုးရာ၌ ရေသေချာစေရေး၊ ပူပြင်းခြောက်သွေ့နေသည့် ယင်းဒေသများ စိမ်းလန်းစိုပြည်ရေး၊ ဒေသခံပြည်သူများ၏ လူနေမှုဘဝ အဆင့်အတန်း မြင့်မား လာစေရေးတို့အတွက် မြစ်ငယ်မြစ်၊ ဧာ်ဂျီမြစ်နှင့် ချင်းတွင်းမြစ်တို့မှ မြစ်ရေများ ကို ရေတင်မှုအဆင့်ဆင့်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ရေပေးဝေနိုင်အောင် လေ့လာဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ မိတ္ထီလာခရိုင် အတွင်း စိုက်ပျိုးရေတိုးချဲ့ပေးနိုင်ရေးလုပ်ငန်းအတွက် လေ့လာတိုင်းတာမှု လုပ်ငန်းများကို ယခုကဲ့သို့ စတင်ဆောင်ရွက်စေခြင်း ဖြစ်ကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ကျောက်ဆည်မြို့နယ် ရွာသာယာမြစ်ရေတင်စခန်းတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

လေ့လာတိုင်းတာ

မိတ္ထီလာခရိုင်အတွင်းရှိ ဆည်တမံများ၏ လက်ရှိ ရေသောက်ဧရိယာများ နှင့် တစ်ဆက်တစ်စပ်တည်း ကျယ်ပြန့်သောရေသောက်ဧရိယာ ဖြစ်ပေါ်လာနိုင် အောင် မြို့နယ်အလိုက် မြေပြင်အနေအထား၊ ဒေသအတွင်း စီးဆင်းနေသော ချောင်း၊ မြောင်းများ၏ ရေစီးရေလာအခြေအနေ၊ မြစ်ငယ်မြစ်နှင့် ဧာ်ဂျီမြစ်တို့၏ မြစ်ရေများကို ကုန်ကျစရိတ်အနည်းဆုံး လုပ်ငန်းပမာဏအနည်းဆုံးဖြင့် ရေစုပ် တင်၍ ရေဖြန့်ဝေပေးနိုင်မည့် နည်းလမ်းတို့ကို အသေးစိတ်ကွင်းဆင်းလေ့လာ တိုင်းတာရန်ဖြစ်ကြောင်း ရှင်းလင်းမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် စိုက်ပျိုးရေ ရရှိရေးအတွက် မြစ်ငယ်မြစ်မှ ရေတင်ဆောင်ရွက်လျက်ရှိသည့် ရွာသာယာ မြစ်ရေတင်စခန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ရဟတ်ယာဉ်များဖြင့် မိတ္ထီလာခရိုင်ဘက်သို့ ဆက်လက် ထွက်ခွာပြီး ဝမ်းတွင်း၊ မိတ္ထီလာ၊ ပျော်ဘွယ်၊ မလှိုင်၊ သာစည်မြို့နယ်များ၏ သီးနှံစိုက်ပျိုးထားရှိမှု၊ စိမ်းလန်းစိုပြည်မှုနှင့် ရေအရင်းအမြစ်တည်ရှိမှုတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် မကွေး တိုင်း ပခုက္ကူမြို့နယ် ရွှေတန့်တစ်ကျေးရွာ ရွှေတန့်တစ် လျှပ်စစ်မြစ်ရေတင် လုပ်ငန်းသို့ရောက်ရှိကြရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဖော်မင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များ ပခုက္ကူမြို့နယ် ရွှေတန့်တစ် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းတွင် လုပ်ငန်းများကိုကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရွှေတန့်တစ် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းအရ ဧရာဝတီမြစ်မှ ရေတင်နိုင်မှုနှင့် ရေတင် စခန်းပတ်ဝန်းကျင် စပါးစိုက်ပျိုးထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား ဝန်ကြီးဗိုလ်ချုပ်ဌွန်းတင်က ရွှေတန့်တစ်လျှပ်စစ်မြစ်ရေတင် လုပ်ငန်းအပါအဝင် ပခုက္ကူခရိုင်အတွင်း ဆောင်ရွက်ပြီးစီးသည့် လျှပ်စစ် မြစ်ရေတင်လုပ်ငန်းများနှင့် စိုက်ပျိုးရေပေးဝေနိုင်သည့် ဧကများ၊ ဆက်လက် ဆောင်ရွက်သွားရန်စီစဉ်ထားသည့် မြစ်ရေတင်စီမံကိန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၇ ကော်လံ ၄ သို့

မေ ၈ ရက်က အဘူဂါရိပ် အကျဉ်းထောင်အပြင်ဘက်တွင် လုံခြုံရေး အရာရှိတစ်ဦးဖတ်ပြသော အကျဉ်းသားများ အမည်စာရင်းကို အီရတ် အမျိုးသမီးကြီးတစ်ဦး စိုးရိမ်စိတ်ဖြင့် စောင့်စားနားထောင်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်အကျဉ်းသားများအား နည်းမှန်လမ်းမှန်မဆက်ဆံသည်မှာ မိမိတို့အမှားဖြစ် မိမိ၌တာဝန်ရှိဟု ကာကွယ်ရေးဝန်ကြီးဒေါ်နယ်လ်ရမ်းစဖဲလ် ဝန်ခံပြောကြား

ဝါရှင်တန် မေ ၈

အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများကို မတရားညှင်းပန်းနှိပ်စက်ခြင်းများနှင့်စပ်လျဉ်း၍ သေကျေဒဏ်ရာရခဲ့ကြသော အီရတ်များ အတွက် မိမိ လေးလေးနက်နက် ဝန်ချတောင်းပန်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်လ်ရမ်းစဖဲလ်က သောကြာနေ့တွင် ပြောကြားလိုက်သည်။

ယင်းညှဉ်းပန်းနှိပ်စက်မှု ဖြစ်ရပ်များနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီး အနေဖြင့် မိမိ၌ လုံးဝတာဝန်ရှိကြောင်း အထက်လွှတ်တော် လက်နက်ကိုင် တပ်ဖွဲ့များကော်မတီ၌ ရမ်းစဖဲလ်က ပြောကြားသည်။

လူသိရှင်ကြား မထုတ်ပြန်ရသေးသော ဓာတ်ပုံနှင့် ဗီဒီယိုတိပ်ခွေသစ် များကို မိမိကြည့်မြင်ခဲ့ရကြောင်း၊ ဖမ်းဆီးခံရသူများ ဘာဖြစ်သည်ဆိုခြင်းနှင့် စပ်လျဉ်း၍ မိမိထိတ်လန့်ချောက်ချားမှုဖြစ်ကြောင်း၊ သူတို့သည် လူသားများ ဖြစ်ကြပြီး အမေရိကန်တပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးထိန်းသိမ်းခံနေရသည်ဖြစ်ရာ သူတို့ကို နည်းမှန်လမ်းမှန် ပြုမူဆက်ဆံရန်မှာ မိမိတို့တာဝန်သာဖြစ်ကြောင်း၊ သို့ရာတွင် မိမိတို့သည် နည်းမှန်လမ်းမှန်အတိုင်း မဆောင်ရွက်ခဲ့သည်မှာ မိမိတို့အမှားဖြစ်ကြောင်း ရမ်းစဖဲလ်က ပြောကြားသည်။

သို့ဖြစ်၍ အမေရိကန်လက်နက်ကိုင်တပ်ဖွဲ့ဝင်များ၏ မတရားညှဉ်းပန်း နှိပ်စက်ခြင်းခံခဲ့ရသော အီရတ်တို့အတွက် မိမိ လေးလေးနက်နက် တောင်းပန် ပါကြောင်း ရမ်းစဖဲလ်က ပြောကြားသည်။

သမ္မတလောင်း ဂျွန်ကယ်ရီအပါအဝင် ဒီမိုကရက်အမတ်အချို့သည် အဘူဂါရိပ်အကျဉ်းထောင်၌ အီရတ်အကျဉ်းသားများကို ရုပ်ပိုင်းဆိုင်ရာအရ လည်းကောင်း၊ စိတ်ပိုင်း လိင်မှုဆိုင်ရာအရလည်းကောင်း၊ မတရားညှဉ်းပန်း နှိပ်စက်ခဲ့ခြင်းကြောင့် ရမ်းစဖဲလ်၌ တာဝန်ရှိသည့်အလျောက် ရာထူးမှ ထွက်ပေးရန် တောင်းဆိုခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်တပ်ဖွဲ့ကို ကန်ထိန်းချုပ်မည်ဆိုမှု ဂျာမနီ၊အယ်လ်ဂျီးရီးယား၊ပြင်သစ်၊ဘရာဇီးတို့မေးခွန်းထုတ်

ကုလသမဂ္ဂ မေ ၇

အမေရိကန်နှင့်ဗြိတိန်တို့သည် ကြာသပတေးနေ့၌ အီရတ်အစိုးရသစ်၏ အချုပ်အခြာအာဏာနှင့်ပတ်သက်၍ ကတိပေးခဲ့သော်လည်း ကုလသမဂ္ဂ သံတမန်အချို့က ကျူးကျော်သိမ်းပိုက်မှုပြီးဆုံးချိန်တွင် အီရတ်တပ်ဖွဲ့ အဘယ် ကြောင့် အမေရိကန်၏ ထိန်းချုပ်မှုအောက်တွင် ရှိမည်ဆိုသည်ကို မေးခွန်းများ ထုတ်ခဲ့ကြသည်။

ဇွန် ၃၀ ရက်တွင် အီရတ်နိုင်ငံအား အုပ်ချုပ်ရေး လွှဲပြောင်းပေးပြီးနောက် အီရတ် အိမ်စောင့်အစိုးရသစ်နှင့် အမေရိကန်ဦးဆောင်တပ်များ ဆက်နွယ်မှုအဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အီရတ် အိမ်စောင့်အစိုးရအား ထောက်ခံမှုပေးမည့် အီရတ်ဆုံးဖြတ်ချက်သစ်နှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အလွတ်သဘောဆွေးနွေးစဉ် သဘောကွဲလွဲမှုများ ထွက်ပေါ်ခဲ့သည်။

ယင်းဆုံးဖြတ်ချက်သည် ကျူးကျော်သိမ်းပိုက်မှုများပြီးဆုံးခြင်း၊ အပေါင်းပါယာယီအာဏာပိုင်အဖွဲ့ ဖျက်သိမ်းခြင်း၊ ကြားဖြတ်အစိုးရအတွက် အစီအစဉ်များ၊ ကုလသမဂ္ဂ၏ အခန်းကဏ္ဍနှင့် အမေရိကန်ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့ အတည်ပြုချက် အထိမ်းအမှတ်ဖြစ်မည်ဟု မျှော်လင့်ထားကြောင်း အဆိုပါ လုံခြုံရေးကောင်စီ အလွတ်သဘောအစည်းအဝေး၌ အမေရိကန်နှင့်ဗြိတိန်အရာရှိများက ပြောဆိုကြသည်။

တစ်ဆက်တည်းတွင် ဂျာမနီ၊ အယ်လ်ဂျီးရီးယား၊ ပြင်သစ်နှင့်ဘရာဇီးတို့အပါအဝင် နိုင်ငံအချို့က အီရတ်နိုင်ငံသည် ယင်း၏ ကိုယ်ပိုင်တပ်ဖွဲ့များအား ဘာကြောင့် မထိန်းချုပ်နိုင်သနည်းဟု မေးခွန်းထုတ်ခဲ့ကြသည်။

အီရတ်တပ်ဖွဲ့များကို အီရတ်တို့က အမိန့်ပေးရမည်ဖြစ်သည်။ အီရတ်တွင် ကာကွယ်ရေးဝန်ကြီးတစ်ဦး၊ ပြည်ထဲရေးဝန်ကြီးတစ်ဦး ရှိရမည်ဖြစ်သည်ဟု သံတမန်တစ်ဦးက ပြောဆိုသည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အဘူဂါရိပ်အကျဉ်းထောင်မှ အကျဉ်းသားအများစု အပြစ်မဲ့သူများဖြစ်ဟု စစ်ဘက်ထောက်လှမ်းရေးဟောင်း ပြောကြား

လန်ဒန် မေ ၇

အဘူဂါရိပ်အကျဉ်းထောင်မှ အကျဉ်းသားအများစုမှာ အပြစ်မဲ့သူများဖြစ်ကြကြောင်း၊ အမေရိကန်တပ်ဖွဲ့ဝင် များက ပရမ်းပတာဖမ်းဆီးပြီး အရည်အချင်းမရှိသော ထောက်လှမ်းရေးအရာရှိများက စစ်ဆေးမေးမြန်းခဲ့ကြကြောင်း ဘဂ္ဂဒက် အဘူဂါရိပ်အကျဉ်းထောင်၌ ယခင်ကအလုပ်လုပ်ကိုင်ခဲ့သော အမေရိကန်စစ်ဆေးသူတစ်ဦးက သောကြာနေ့၌ ပြောကြားသည်။

အဘူဂါရိပ်၌ အဖမ်းခံထားရသူ အများအပြားသည် အပေါင်းပါတပ်ဖွဲ့ များကို ဆန့်ကျင်မှုတစ်စုံတစ်ရာမလုပ် သော အပြစ်မဲ့သူများဖြစ်ကြကြောင်း ဂါဒီယန် သတင်းစာက တွေ့ဆုံ မေးမြန်းရာ၌ အမေရိကန်စစ်ဘက် ထောက်လှမ်းရေး အရာရှိဟောင်း တိုရင်နယ်လ်ဆင်က ပြောကြားသည်။

ပစ်မှတ် အိမ်၌မရှိကြောင်း၊ ဘာ ဖြစ်သည်ဆိုသည်ကို ထွက်ကြည့်သော အိမ်နီးနားချင်းအား မိမိတို့ဖမ်းခဲ့ သည်ဟု ဖမ်းဆီးရေးအဖွဲ့က ရေးသား ထားသည့် အစီရင်ခံစာကို မိမိဖတ်ရ ကြောင်း နယ်လ်ဆင်က ပြောကြား သည်။

နယ်လ်ဆင်သည် လွန်ခဲ့သည့်နှစ်၌ အဘူဂါရိပ်တွင် ကန်ထရိုက်တာတစ်ဦး အဖြစ် လုပ်ဆောင်ခဲ့သူ ဖြစ်သည်။ ၎င်းက ညှဉ်းပန်းနှိပ်စက်မှုများသည် ထောက်လှမ်းရေးလုပ်ငန်းနှင့် ပတ် သက်၍ ကောင်းစွာပြင်ဆင်မှုမရှိသော အမှုထမ်းများကို စေလွှတ်ခဲ့ကြသည့် ပုဂ္ဂလိက ကုမ္ပဏီများအပေါ် အလွန် အကျွံ အားထားယုံကြည်မှု၏ ရလဒ် အစိတ်အပိုင်းဖြစ်ကြောင်း ပြောဆို သည်။

အမ်အင်အေ၊ရိုက်တာ

အမေရိကန်တပ်ဖွဲ့ဝင်များ လူမဆန်မှု ထိုက်သင့်သလိုအရေးယူရန် အိုင်စီအာစီပြောကြားခဲ့

ဘဂ္ဂဒက် မေ ၇

ဘဂ္ဂဒက်မြို့ရှိ အဘူဂါရိပ်အကျဉ်းထောင်တွင် အမေရိကန်တပ်ဖွဲ့ဝင်များက လူမဆန်စွာ ညှဉ်းပန်းနှိပ်စက်မှုများနှင့်ပတ်သက်ပြီး ထိုက်သင့်သော အရေး ယူမှုများပြုလုပ်ရန် နိုင်ငံတကာကြက်ခြေနီအဖွဲ့ (အိုင်စီအာစီ)က ပြောကြား ခဲ့သည်။

ဂျီနီဗာအခြေစိုက် အေဂျင်စီ အကြီးအကဲပြောရေးဆိုခွင့်ရှိသူ အန်တို နယ်လာနိုတိုရီက ၎င်းအဖွဲ့အစည်းသည် အဘူဂါရိပ် အကျဉ်းထောင်အတွင်း ဖြစ်ပျက်မှုအခြေအနေကို သိရှိခဲ့ပြီး အမေရိကန်အာဏာပိုင်တို့အား ဆောင်ရွက်မှု များပြုလုပ်ရန် ထပ်ကာတလဲလဲ တိုက်တွန်းခဲ့ကြောင်း ပြောကြားသည်။

လေ့လာ

အီရတ်စစ်ပွဲအတွင်း ဖမ်းဆီးခံထားရသော အီရတ်အကျဉ်းသားများအား အမေရိကန်တို့က မည်သို့ ပြုမူဆက်ဆံပုံကို နိုင်ငံတကာကြက်ခြေနီအဖွဲ့က လေ့လာခဲ့ခြင်း ဖြစ်သည်။

ပယ်ချ

ဗုဒ္ဓဟူးနေ့က ထွက်ပေါ်လာသော အမေရိကန်တို့၏ အဆိုပြုချက်အသစ် ဖြစ်သည့် အဘူဂါရိပ် အကျဉ်းထောင်တွင် နိုင်ငံတကာကြက်ခြေနီမှ အဖွဲ့တစ်ဖွဲ့ အမြဲတမ်းထားရှိရေးကို နိုတိုရီက ပယ်ချခဲ့သည်။

(အင်အိပ်ချ်ကေ)

အီရတ်အကျဉ်းသားများကို အမေရိကန်တို့နှိပ်စက်မှု လူမဆန်သောလုပ်ရပ်အဖြစ် ဘင်္ဂလားဒေ့ရှ်ပြစ်တင်ရှုတ်ချ

ဒါကာ မေ ၈

အီရတ်နိုင်ငံကို ကျူးကျော်တပ်စွဲထားသော အမေရိကန်နှင့် အပေါင်းပါတပ်များမှ တပ်ဖွဲ့ဝင်အချို့၏ အီရတ် အကျဉ်းသားများအပေါ် နှိပ်စက်ညှဉ်းပန်းမှု လုပ်ရပ်သည် ရိုင်းစိုင်းယုတ်မာပြီး လူမဆန်မှုများဖြစ်သည်ဟု ဘင်္ဂလားဒေ့ရှ် နိုင်ငံက ကြာသပတေးနေ့တွင် ပြင်းပြင်းထန်ထန် ပြစ်တင်ရှုတ်ချလိုက်သည်။

အဆိုပါ ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး အမ်မိုရှိတ်ခမ်၏ ပြတ်ပြတ်သားသားပြောဆိုချက်ကို ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာချက်တစ်ရပ်တွင် ထုတ်ပြန်ထားသည်။

အီရတ်တွင် အကျဉ်းသားများကို နှိပ်စက်ညှဉ်းပန်းမှုများသည် လူ့အခွင့်အရေးနှင့် လူ့စံနှုန်းများကို ချိုးဖောက် ခြင်းဖြစ်ကြောင်း အဆိုပါ ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ

မေ ၈ ရက်က ဘဂ္ဂဒက်မြို့အနောက်ဘက်တွင် လမ်းဘေးဗုံး ပေါက်ကွဲမှု ဖြစ်ပြီးနောက် မီးလောင်ကျွမ်းနေသော အမေရိကန်စစ်ယာဉ်တစ်စီးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်အကျဉ်းသားများအား နှိပ်စက်မှု ကိုင်တွယ်ဖြေရှင်းပုံ ကြားနာစစ်ဆေး အာရေဗျ ရုပ်မြင်သံကြားက တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့

ဒူဘိုင်း မေ ၈

အီရတ်အကျဉ်းသားများကို မတရားညှဉ်းပန်းနှိပ်စက်မှုအား ကိုင်တွယ်ဖြေရှင်းပုံကို အမေရိကန်ကွန်ဂရက်ဆိုင်ရာက သောကြာနေ့၌ ကြားနာစစ်ဆေးခြင်းကို အာရေဗျရုပ်မြင်သံကြား သတင်းဌာနများက တိုက်ရိုက်သတင်းယူပြီး ထုတ်လွှင့်ပြသခဲ့သည်။

ထိုသို့ကြားနာမှုကို အယ်လ်ဂျာဇီရာ၊အယ်လ်အာရေဗျနှင့် အမေရိကန်ငွေကြေးပံ့ပိုးသည့် အယ်လ်ဟူရာတို့က တိုက်ရိုက်သတင်းယူထုတ်လွှင့်ရာတွင် ကာကွယ်ရေးဝန်ကြီးဒေါ်နယ်လ်ရမ်းစဖဲလ်က ညှဉ်းပန်းနှိပ်စက်ခံရသူများအား ဝန်ချတောင်းပန်ခဲ့သည်။ သို့ရာတွင် ရာထူးမှနုတ်ထွက်မည်မဟုတ်ဟု ဆိုသည်။

ကြိုးချည်

ရမ်းစဖဲလ်အား ကြားနာစစ်ဆေးမှုနှင့်ယှဉ်လျက် ညှဉ်းပန်းနှိပ်စက်သည့် ဓာတ်ပုံများကို အယ်လ်အာရေဗျက ထုတ်လွှင့်ပြသခဲ့ရာတွင် ကြမ်းပြင်ပေါ်၌ ကိုယ်တုံးလုံးလဲနေသော အီရတ်တစ်ဦး၏လည်ပင်းကို အမေရိကန်အမျိုးသမီးတပ်ဖွဲ့ဝင်က ကြိုးချည်နေသည့်ပုံကို ထည့်သွင်းပြသခဲ့သည်။

အယ်လ်ဂျာဇီရာက လူထုသဘောထားကောက်ယူခဲ့သူ ၄၇၀၀၀အနက် ၈၇ ဒသမ ၄ ရာခိုင်နှုန်းက အမေရိကန်ပြည်ထောင်စုသည် မတရားညှဉ်းပန်းနှိပ်စက်မှုလုပ်ရပ်များကြောင့် ညစ်ပေခဲ့သော ပုံရိပ်ကိုကောင်းမွန်အောင် လုပ်နိုင်စွမ်းရှိမည်မဟုတ်ဟု ပြောဆိုခဲ့ကြသည်။

အလွဲသုံးစား

အဘူဂါရိပ်အကျဉ်းထောင်၌ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများကို ညှဉ်းပန်းနှိပ်စက်သည့် ဓာတ်ပုံများက အမေရိကန်ပြည်ထောင်စု၏ဆင်ခြေပေးမှုအပေါ် အာရပ်တို့သံသယဖြစ်ခဲ့သည်ကို ပိုခိုင်မာစေခဲ့သည်။ အမေရိကန်ပြည်ထောင်စုက အီရတ်ကို ဝင်ရောက်တိုက်ခိုက်သည့် ရည်ရွယ်ချက်သည် လူ့အခွင့်အရေးအလွဲသုံးစားမှုများ အဆုံးသတ်သွားရန်နှင့် အီရတ်တို့အတွက် လွတ်လပ်ပြီး ဒီမိုကရေစီကျသည့် ခေတ်သစ်ဖော်ဆောင်ရန်ဖြစ်သည်ဟု ဆင်ခြေပေးခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

မေ ၈ ရက်က ဘာဆာရာမြို့လယ်တွင် အယ်လ်ဆာဒါ၏ သစ္စာခံ အီရတ်သေနတ်သမားများ ကင်းလှည့်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဒဏ်ရာရ အမေရိကန်တပ်ဖွဲ့ဝင်အမြောက်အမြား ဂျာမနီနိုင်ငံရှိ ဆေးရုံသို့ နေ့စဉ်ရောက်လျက်ရှိ

ဝါရှင်တန် မေ ၇

စစ်၏ အကျိုးဆက်အဖြစ် သေကျေရသူများရှိသကဲ့သို့ အသက်ရှင်ကျန်ရစ်သည့် ပြည်သူများအဖို့လည်း ထိခိုက်ဒဏ်ရာရမှုကြောင့် ဘဝတစ်သက်တာ ကိုယ်အင်္ဂါချို့ယွင်း ကြရတတ်သည်။

ရောက်ရှိ

ဂျာမနီနိုင်ငံ ဆေးရုံတစ်ရုံ၌ နေ့စဉ်လိုလို ဒဏ်ရာရရှိသော အမေရိကန်တပ်ဖွဲ့ဝင်အမြောက်အမြား ရောက်ရှိလာလျက်ရှိသည်။ အဆိုပါ ဆေးရုံသို့ တစ်လလျှင် အီရတ်မှ ဒဏ်ရာရရှိသော အမေရိကန် တပ်ဖွဲ့ဝင် ၁၀၀၀၀နှုန်းခန့် ရောက်ရှိလာလျက်ရှိသည်။

ပြန်ချင်စိတ်မရှိ

ဒဏ်ရာရ အမေရိကန်တပ်ဖွဲ့ဝင်များအနေဖြင့် အချို့က အီရတ်သို့ ပြန်လိုက်လိုစိတ်ရှိသလို အချို့ကလည်း လုံးဝပြန်ချင်စိတ်မရှိကြောင်း သိရသည်။ **(စီအင်န်အင်န်)**

အကျဉ်းသားကိစ္စ ကန်ကာကွယ်ရေးဝန်ကြီးအား ကြားနာစစ်ဆေး စစ်ရာဇဝတ်မှုကျူးလွန်သော ရမ်းစဖဲလ်ကို ထုတ်ပစ်ရန်တောင်းဆို

ဝါရှင်တန် မေ ၈

အီရတ်အကျဉ်းသား မတရားညှဉ်းပန်းနှိပ်စက်ခံရမှု ဟိုးလေးတကျော်ဖြစ်သည့်ကိစ္စအား ပင်တဂွန်တွင် ကိုင်တွယ်ဖြေရှင်းခြင်းကို နှိုက်နှိုက်ချွတ်ချွတ်စုံစမ်းသည့် ကွန်ဂရက်ဆိုင်ရာက ကြားနာစစ်ဆေးမှုတွင် ရမ်းစဖဲလ်အား စစ်ရာဇဝတ်မှုကျူးလွန်သူအဖြစ် ရာထူးမှထုတ်ပစ်ရန် သောကြာနေ့၌ အော်ဟစ်ဆန္ဒပြခဲ့ကြသည်။

အထက်လွှတ်တော် လက်နက်ကိုင်တပ်ဖွဲ့များ ကော်မတီရှေ့မှောက်၌ ရမ်းစဖဲလ် စစ်ဆေးရာတွင် ဆန္ဒပြသူအချို့က ဘေးမှရပ်ကာ အနှောင့်အယှက်ပေးခဲ့ကြပြီး ရမ်းစဖဲလ်ကို လက်ညှိုးထိုးကာ အော်ဟစ်ဆန္ဒပြခဲ့ကြသည်။

စုံစမ်း

ရမ်းစဖဲလ်ကို ရာထူးမှထုတ်ပယ်ရန် မိမိလိုလားကြောင်း၊ ကျယ်ကျယ်ပြန့်ပြန့် စုံစမ်းစစ်ဆေးစေလိုကြောင်း ဆန္ဒပြသူတစ်ဦးက ပြောကြားသည်။

ထုတ်ပစ်

ဆန္ဒပြသူများသည် တီရှပ်များကို ဝတ်ဆင်ထားကြပြီး နောက်ကျောဘက်၌ ရမ်းစဖဲလ်ကို ထုတ်ပစ်ဟု ရေးသားထားကြသည်။

ပြောကြား

ကြားနာစစ်ဆေးမှု၌ မိမိတို့ ရောက်ရှိနေကြခြင်းသည် မိမိတို့ တုန်လှုပ် ချောက်ချားကြောင်းကို အထက်လွှတ်တော် အမတ်များနှင့် အမေရိကန်ပြည်သူ လူထု သိစေရန် ဖြစ်သည်ဟု ဆန္ဒပြသူတစ်ဦးက တယ်လီဖုန်းဖြင့် ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

အကျဉ်းသားများ နှိပ်စက်မှု ဗြိတိန်၌ စွပ်စွဲချက်ပိုများလာ

ဘဂ္ဂဒက် မေ ၈

ဗြိတိန်နိုင်ငံ၌လည်း အီရတ်အကျဉ်းသားအချို့ကို ဗြိတိန်တပ်ဖွဲ့ဝင်များက နှိပ်စက်ညှဉ်းပန်းမှုများရှိကြောင်း၊ စွပ်စွဲချက်များ ကျယ်ပြန့်လာ နေကြောင်း သိရသည်။ ဒေးလီးမီရာ သတင်းစာ၌ ဖော်ပြခဲ့သောဓာတ်ပုံများအရ လူမဆန်စွာနှိပ်စက်မှု ပေါ်လွင်ခဲ့ရာ နိုင်ငံရေးအရ အငြင်းပွားမှုများ ပေါ်ပေါက်လာနေသည်။ ဓာတ်ပုံများ၏ မှန်ကန်မှုနှင့်ပတ်သက်ပြီး သံသယများ ထွက်ပေါ်နေသော်လည်း မှန်ကန်မှုရှိကြောင်း သတင်းစာက အခိုင်မာရပ်တည် ပြောကြားခဲ့သည်။ **(စီအင်န်အင်န်)**

အမေရိကန်တို့၏ အပြောနှင့်လက်တွေ့ လုပ်ရပ်ကွာခြားမှု အီရတ်တို့ အမေရိကန်တို့ကို စိတ်ပျက်ရှုံမုန်းနေကြ

ဘဂ္ဂဒက် မေ ၇

အီရတ်အကျဉ်းသားများအပေါ် အမေရိကန်တို့က ရက်စက်စွာပြုမူ ဆက်ဆံမှုများနှင့်ပတ်သက်ပြီး အာရပ်ကမ္ဘာ၏ တုံ့ပြန်မှုများ ထွက်ပေါ်လာခဲ့သည်။ အာရပ်များသည် အမေရိကန်တို့ကို လုံးဝယုံကြည်မှုမရှိကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး တာဝန်ရှိသည်ဆိုသည့် စကားလုံးများပြောဆိုနေရုံဖြင့် မလုံလောက်ကြောင်း ဝန်ချတောင်းပန်ရမည်ဖြစ်ကြောင်း၊ အာရပ်နိုင်ငံသားများသည် တစည်းတလုံးထဲရှိကြောင်း ပြောကြားခဲ့ကြသည်။

အကျဉ်းသားများကို ညှဉ်းပန်းနှိပ်စက်မှုသည် မတော်တဆကိစ္စရပ်မဟုတ်ဘဲ အာရပ်များကို မုန်းတီးမှုသက်သက်ကြောင့်ဟု ယူဆနေကြခြင်းသည် အကြီးဆုံးပြဿနာရပ်ဖြစ်ကြောင်းနှင့် စီမံခန့်ခွဲမှု အမှန်တကယ် လိုအပ်သည်ဆိုသော သက်သေအထောက်အထားတစ်ခုဖြစ်ကြောင်း ပြောဆိုကြသည်။

အီရတ်နိုင်ငံကို ဒီမိုကရေစီနိုင်ငံအဖြစ် ပြောင်းလဲပေးမည်ဟု အမေရိကန်တို့ ပြောကြားခဲ့သလို ခေတ်မီနိုင်ငံထူထောင်ပေးမည်ဟု ဆိုခဲ့ပြန်ကြောင်း၊ သို့ရာတွင် အီရတ်၌ ဖြစ်ပွားနေသော လက်တွေ့ဖြစ်ရပ်များနှင့် ကွာခြားနေသည့်အတွက် အာရပ်နိုင်ငံများက အလွန်စိတ်ပျက် ရှုံမုန်းနေကြကြောင်း၊ ယခင်က အမေရိကန်တို့လုပ်ရပ်ကို အကောင်းမြင်ခဲ့သူများပင် စိတ်ပျက်နေကြကြောင်း၊ ယခုဖြစ်ခဲ့သော ကိစ္စရပ်များကို အာရပ် ပြည်သူအားလုံးနေ့စဉ်လိုတွေ့မြင်ခံစားနေရပြီး ယင်းသည် အမေရိကန်တို့၏ ရက်စက်မှုဖြစ်ကြောင်း အာရပ်ကမ္ဘာက တုံ့ပြန်ပြောဆိုနေကြသည်။ **(စီအင်န်အင်န်)**

မေ ၈ ရက်က ဘဂ္ဂဒက်မြို့ ဆင်ခြေဖုံးတွင် အဘူဂါရိပ် အကျဉ်းထောင်၌ စစ်ဆေးမေးမြန်းရန် နောက်ထပ်ဖမ်းဆီးထားသူများအား အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက ခေါ်ဆောင်သွားစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နာဂျက်ဖ်နှင့် ကာဘာလာ၌ တိုက်ပွဲများဖြစ်ပွား ကန်တပ်များကို မောင်းထုတ်မည်ဟု ဆာဒါပြောကြား

ကူဖာ(အီရတ်) မေ ၈

အီရတ်ခေါင်းဆောင်မော့တာဒါအယ်လ်ဆာဒါသည် သူ၏ပြောက်ကျားတပ်ဖွဲ့များရှိရာသို့ ချဉ်းကပ်လာသော အမေရိကန်တပ်ဖွဲ့များကို သောကြာနေ့၌ အံတုကာ အီရတ်၌ အကျဉ်းသားများကို မတရားညှဉ်းပန်းနှိပ်စက်မှုကြောင့် ဂုဏ်သိက္ခာကျခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်များကို တိုက်ထုတ်ရန် သန္နိဋ္ဌာန်ပြုဆော်ဩခဲ့သည်။

တစ်လကြာမျှ ဆာဒါ၏တပ်ဖွဲ့ဝင်များ ခုခံတိုက်ခိုက်နေမှုကို နှိမ်နင်းရန် အမေရိကန်တပ်ဖွဲ့ဝင်များက ရွှေ့လျားခဲ့ကြပြီး နောက်တစ်နေ့တွင် နာဂျက်ဖ်နှင့် ကာဘာလာ၌ တိုက်ပွဲများ ကြို့ကြားဖြစ်ခဲ့ရာတွင် လူ ၂၀ခန့် သေဆုံးခဲ့သည်။

သို့ရာတွင် ဆာဒါအား ဖမ်းမိရန်သော်လည်းကောင်း၊ သတ်ဖြတ်ရန်သော်လည်း အလျင်စလိုလုပ်မည့် အရိပ်လက္ခဏာ အမေရိကန်တပ်များတွင် မတွေ့ရဟု ဆိုသည်။

မိမိတို့အား ထိန်းချုပ်ခွင့် အမေရိကန်တပ်များကိုပေးမည် မဟုတ်ကြောင်း၊ မကြာခင်အမေရိကန်တပ်များကို မောင်းထုတ်ပစ်မည်ဖြစ်ကြောင်း၊ မီဒီတပ်ဖွဲ့ဝင်များ ထူထပ်စွာစောင့်ကြပ်လျက်ဖြင့် ဆာဒါသည် သူ့အားထောက်ခံသူ ထောင်ပေါင်းများစွာကို ဘဂ္ဂဒက်တောင်ဘက် နာဂျက်ဖ်မြို့စွန်ရှိ ကူဖာတွင် ပြောကြားခဲ့သည်။

သင်သည် အမေရိကန်တပ်ဖွဲ့ဝင်များကို အကျဉ်းသားများအား သူတို့၏ သေနတ်များဖြင့် ထုရိုက်ခွင့်ပြုခဲ့ကြောင်း၊ ဤသို့လုပ်ခြင်းသည် မည်သည့်တရားမျှတမှု ဖြစ်သနည်း၊ မည်သည့်လူ့အကျင့်စရိုက်ဖြစ်သနည်းဟု ဆာဒါက အလေးအနက် ထုတ်ဖော်ပြောဆိုခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

ဧပြီ ၂၀ရက်က အဘူဂါရိပ်အကျဉ်းစခန်း၌ အီရတ်အကျဉ်းသားများကို အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးက ကြိုးတုပ်၍ မြေပြင်တွင် လှဲချထားသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

စစ်သုံ့ပန်းများအား ကန်တို့ ပြုမူဆက်ဆံပုံများ နိုင်ငံတကာစာချုပ်များကို ချိုးဖောက်ခြင်းဖြစ်ဟုဆို

ဂျီနီဗာ မေ ၈

အီရတ်တွင် အကျဉ်းသားများ မတရားညှဉ်းပန်းနှိပ်စက်ခံရမှုသည် အီရတ်နိုင်ငံနေရာအနှံ့တွင် ဖြစ်ခဲ့ကြောင်း၊ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များက ယင်းညှဉ်းပန်းနှိပ်စက်သည့်ကိစ္စကို လျစ်လျူရှုခဲ့ဖွယ်ရှိကြောင်း နိုင်ငံတကာဆိုင်ရာ ကြက်ခြေနီကော်မတီ(အိုင်စီအာစီ)က သောကြာနေ့တွင် ပြောကြားလိုက်သည်။

၂၀၀၃ခုနှစ် မတ်လနှင့် နိုဝင်ဘာလကြားတွင် ဂျီနီဗာအခြေစိုက်လူသားချင်း စာနာသည့် အဖွဲ့အစည်းသည် အီရတ်ရှိအပေါင်းပါအဖွဲ့၏ ထိန်းသိမ်းရေးစခန်းများသို့ သွားရောက်ခဲ့ရာတွင် စစ်သုံ့ပန်းများအား ပြုမူဆက်ဆံမှုဆိုင်ရာ နိုင်ငံတကာစာချုပ်များကို ချိုးဖောက်ထားကြောင်း တွေ့ခဲ့ရသည်ဟု ဆိုသည်။ အချို့ကိစ္စများတွင် ပြုမူဆက်ဆံပုံမကောင်းခြင်းသည် ညှဉ်းပန်းနှိပ်စက်သည့် သဘောသက်ရောက်ခဲ့ကြောင်း၊ အထူးသဖြင့် သတင်းရရှိဖို့ သို့မဟုတ် ဖြောင့်ချက် ရဖို့အတွက် စစ်ဆေးမေးမြန်းခြင်းဖြစ်ကြောင်း အိုင်စီအာစီ၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။

ဖော်ညွှန်း

အိုင်စီအာစီ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ညွှန်ကြားရေးမှူး ပီရာရေးကရေးဟင်ဘူအယ်လ်ကအစီရင်ခံစာနှင့် ပတ်သက်၍ သတင်းစာရှင်းပွဲ၌ အတည်ပြုသော်လည်း ကျန်ရှိသောအထောက်အထားစာရွက်စာတမ်းများကို ထုတ်ပြန်မည် မဟုတ်ကြောင်း ပြောကြားသည်။ ၎င်းက အစီရင်ခံစာသည် အဘူဂါရိပ်အကျဉ်းထောင်နှင့် အခြားနေရာများတွင် အမေရိကန် တပ်ဖွဲ့များ၏ ကျူးလွန်မှုများကို အဓိကဖော်ညွှန်းထားကြောင်းပြောကြားသည်။ အသေး စိတ်ကိုမူ နောက်ထပ် ပြောဆိုခြင်း မရှိပေ။

လုပ်ဆောင်

မိမိတို့၏ အဘူဂါရိပ်၌ ရှာဖွေတွေ့ရှိချက်များသည် အပေါင်းပါတပ်ဖွဲ့ဝင်များက တစ်ဦးချင်း ကျူးလွန်ခဲ့သည့် မတရားညှဉ်းပန်းနှိပ်စက်မှုများဖြစ်သည်ဆိုခြင်းကို ကောက်ချက်မချကြောင်း၊ ယင်းညှဉ်းပန်းနှိပ်စက်မှုများသည် ကျယ်ကျယ်ပြန့်ပြန့်၊ စနစ်တကျလုပ်ဆောင်မှုဖြစ်သည်ဟု မိမိတို့ ဖော်ပြပြောဆိုခဲ့ကြောင်း ၎င်းကပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

အီရတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်ခဲ့ဟု အဘူဂါရိပ်၌ တာဝန်ထမ်းဆောင်ခဲ့သူ ကန်တပ်ဖွဲ့ဝင်များဝန်ခံပြောကြား

အင်တီအို့ချ်(ကာလီဖိုးနီးယား) မေ ၈

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့အနီး အဘူဂါရိပ်အကျဉ်းစခန်း၌ ဖမ်းဆီးထားသော အီရတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်သည့် မဖော်ပြဘဲထားသော အမှုများကို မျက်မြင်တွေ့ရှိခဲ့ရကြောင်း၊ အီရတ်အကျဉ်းသားများကို မတရားညှဉ်းပန်းသည့်နေရာမှာ အများစုပေါင်းထားသည့်နေရာဖြစ်ကြောင်း ဘဂ္ဂဒက် အဘူဂါရိပ်အကျဉ်းစခန်း၌ တာဝန်ထမ်းဆောင်ခဲ့သော အမေရိကန်စစ်ရဲတပ်ဖွဲ့ဝင်သုံးဦးက ကြာသပတေးနေ့တွင် ပြောကြားသည်။

တစ်ချိန်လုံး အီရတ်အကျဉ်းသားများကို ရိုက်နှက်နေသည်ကိုတွေ့ခဲ့ရကြောင်း ဆန်ဖရန်စစ္စကို ပင်လယ်အော်ဒေသအခြေစိုက် အမှတ်(၈၇၀) စစ်ရဲတပ်ရင်းမှ တပ်ကြပ်ကြီး မိုက်စင်ဒါက ပြောကြားသည်။

ယင်းကိစ္စကြောင့် အီရတ်ပြည်သူ အများအပြား ဒေါသဖြစ်ရကြောင်း၊ တိုက်ခိုက်မှုများလည်း များပြားလာကြောင်း အီရတ်မှ ကာလီဖိုးနီးယားသို့ ပြန်ရောက်ရှိလာသော စင်ဒါနှင့် အခြားစစ်ဘက်ဆိုင်ရာ ရဲတပ်ဖွဲ့ဝင်များက ရိုက်တာနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားကြသည်။

အဘူဂါရိပ်အကျဉ်းစခန်း၌ အီရတ်အကျဉ်းသားများအား အမေရိကန်တပ်ဖွဲ့ဝင်များ ပြုမူဆက်ဆံမှုသည် အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများအား လိင်တူဆက်ဆံသည့်ပုံများ မကြာသေးသည့်ရက်များအတွင်းက ပြည်သူများသို့ ပြသခဲ့ခြင်းသည် နိုင်ငံတကာရှုတ်ချမှုကို ကျယ်ပြန့်စေခဲ့သည်။ အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်ခြောက်ဦးအား ယင်းပြစ်မှုဖြင့် တရားစွဲဆိုထားပြီး အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်က ပြည်သူလူထုအား ကြာသပတေးနေ့တွင် ဝန်ချတောင်းပန်လိုက်သည်။

ဒေါသထွက်နေသော အီရတ်ပြည်သူများက မဖွယ်မရာပြုမူသည့် ဓာတ်ပုံများကို အာရုံစူးစိုက်ခဲ့ကြသော်လည်း အမှတ်(၈၇၀)စစ်ရဲတပ်မှ တပ်ဖွဲ့ဝင်များ၏ ဓာတ်ပုံများ၌ မျက်နှာများသည် ရက်စက်ကြမ်းကြုတ်မှုတစ်ခုသာမက ကျူးလွန်ခဲ့သည်ကို ဖော်ပြကြောင်း ပြောဆိုကြသည်။

ယင်းကိစ္စကို ကျူးလွန်ခဲ့မှုသည့် အမေရိကန်တပ်ဖွဲ့ဝင် ခြောက်ဦးမျှသာ မဟုတ်နိုင်ကြောင်း စင်ဒါကပြောသည်။ ဧဝနှင့် ဓာတုလက်နက်ကျွမ်းကျင်သူများလည်း ပါဝင်သည်။ တစ်ချိန်လုံး အီရတ်အကျဉ်းသားများကို ရိုက်နှက်ခဲ့ကြသည်။

ယင်းတို့အဖွဲ့ထဲမှ အရာရှိတစ်ဦးက အကျဉ်းသားတစ်ဦးကို ဖမ်းဆီးပြီးနောက် ယခင်နှစ်က ရိုက်နှက်စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်ဟု စင်ဒါက ရိုက်တာသို့ ပြောသည်။

မိမိသည် အမေရိကန်တို့ကိုသတ်ရန်ကြိုးစားနေသည်၊ သို့ရာတွင် ယခုတော့ ထောင်ကျနေပြီဆိုသော ကြွေးကြော်သံများပါ ခေါင်းစွပ်များစွပ်ထားသော အီရတ်အကျဉ်းသားများကို တွေ့ခဲ့သည်ဟု စင်ဒါနှင့် ၎င်း၏လက်ထောက် ရာမွန်လီရယ်က ပြောသည်။

လီရယ်က ပြောဆိုရာတွင်၎င်း၏တပ်ဖွဲ့ဝင်များထဲမှအမျိုးသမီးတပ်ဖွဲ့ဝင်တစ်ဦးက အီရတ်အကျဉ်းသား အုပ်ထဲသို့ သေနတ်တစ်ချက်ပစ်ခတ်ခဲ့ မှုကြောင့် အကျဉ်းသားတစ်ဦး ဒဏ်ရာရရှိသွားသည်ဟု ဆိုသည်။

အခြားတပ်ဖွဲ့ဝင်များကလည်း အကျဉ်းစခန်းသို့ရောက်ရှိလာသော အသက်(၁၄)နှစ်အရွယ် ယောကျ်ားလေးတစ်ဦးကို တရစပ်ဝင်ကန်ကြပြီး သူ၏လက်များကို လိမ်ချိုးခဲ့သည်ဟု စင်ဒါနှင့်လီရယ်တို့က ပြောသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်ဆိုင်ရာ ကုလသမဂ္ဂ ညီလာခံတစ်ရပ်ကျင်းပရေး ရုရှားသမ္မတက မလေးရှားဝန်ကြီးချုပ်ထံပေးပို့သည့် သဝဏ်လွှာတွင်ဖော်ပြ

မော်စကို မေ ၈

အီရတ်နိုင်ငံနှင့်ပတ်သက်၍ ကုလသမဂ္ဂ ညီလာခံတစ်ရပ်ကျင်းပရန် ရုရှားသမ္မတဗလာဒီမာပူတင်က အသစ်တစ်ဖန်ထပ်မံတိုက်တွန်းလိုက်ကြောင်း ကြာသပတေးနေ့တွင် ထုတ်ပြန်သည့် သမ္မတဆိုင်ရာ သတင်းထုတ်ပြန်ရေးလုပ်ငန်းက ဖော်ပြလိုက်သည်။

ဗလာဒီမာပူတင်က မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလာဘင်အာမက်ဘာဒါဝီထံပေးပို့သည့် သဝဏ်လွှာတွင် နိုင်ငံတကာဆိုင်ရာအသိုင်းအဝိုင်းက အီရတ်နိုင်ငံတွင် ဒီမိုကရေစီတိုးတက်ရရှိရေး၊ နိုင်ငံပေါင်းစည်း ညီညွတ်ရေးနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုရှိရေးတို့ကို ရရှိအောင်အကူအညီပေးရမည်ဖြစ်ကြောင်း သဝဏ်လွှာတွင် ဖော်ပြထားသည်။

အဆိုပါ ညီလာခံက ကုလသမဂ္ဂ၏ ကမကထပြုမှုနှင့် ကြီးကြပ်မှုအောက်၌ အာဖဂန်နစ္စတန်နိုင်ငံပုံစံကဲ့သို့ အောင်မြင်မှုအထောက်အကူပေးနိုင်မည်ဟု မိမိယူဆကြောင်း သဝဏ်လွှာတွင် ဖော်ပြထားသည်။ ထို့ပြင် အီရတ်တွင်ရှိသော နိုင်ငံရေးအဖွဲ့အစည်းများအားလုံး ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်များနှင့် အီရတ်၏အိမ်နီးချင်းနိုင်ငံများမှ ကိုယ်စားလှယ်များသည် ယခုညီလာခံ၌ အီရတ်တွင်ရေရှည်ခံမည့် ဖြေရှင်းချက်တစ်ရပ်အတွက် မဟာဗျူဟာတစ်ရပ်ကို အဓိပ္ပာယ်ဖွင့်ဆိုနိုင်ကြကြောင်းလည်း သဝဏ်လွှာ၌ ဖော်ပြထားသည်။

နိုင်ငံတကာအသိုင်းအဝိုင်း၏ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်ဆောင်ရွက်မှုနှင့် ကုလသမဂ္ဂက တက်ကြွစွာပါဝင်ဆောင်ရွက်မှုအပြင် အီရတ်၏ အိမ်နီးချင်းနိုင်ငံများသည် အီရတ်ဖြေရှင်းချက်ကို အပြုသဘော အင်အားများပေးနိုင်ကြောင်းလည်း သဝဏ်လွှာ၌ ဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မေ ၈ရက်က အီရတ်အကျဉ်းသားများအား မတရားနှိပ်စက်သော ပုံများဖော်ပြထားသည့် သတင်းစာကိုကိုင်ဆောင်၍ အဘူဂါရိပ် အကျဉ်းထောင်အနီး၌ အီရတ်တစ်ဦးက ပြသစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကန်တို့သည် ပြင်ပကမ္ဘာကို ရန်လိုစိုးမိုးသူများဖြစ်ဟု အာရပ်တစ်ဦးဝေဖန်

ဘဂ္ဂဒက် မေ ၈

အမေရိကန်ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲလ်၏ ဖြေကြားချက်အား အာရပ်သတင်းဌာနများက စိတ်ဝင်တစား စောင့်ကြည့်ခဲ့ကြသော်လည်း ယခုကဲ့သို့ အီရတ်အကျဉ်းသားများ နှိပ်စက်ညှဉ်းပန်းမှုများအား စုံစမ်းစစ်ဆေးမှုများနှင့် တောင်းပန်မှုများသည် အလွန်နောက်ကျနေပြီဖြစ်ပြီး လုံလောက်မှုလည်းမရှိကြောင်း ဝေဖန်ခဲ့ကြသည်။ အာရပ်သတင်းစာ ခေါင်းကြီးပိုင်းများတွင် ယခုကဲ့သို့ ရာဇဝတ်မှုဆိုင်ရာ လုပ်ရပ်များနှင့် ပတ်သက်ပြီး တောင်းပန်မှုများသည် လက်ခံနိုင်ဖွယ်မရှိကြောင်း ဖော်ပြခဲ့သည်။

အလားတူ အမေရိကန်တို့သည် ၎င်းတို့နိုင်ငံ၌သာ ဒီမိုကရေစီကျင့်သုံးကြောင်း၊ ပြင်ပကမ္ဘာ၌ ၎င်းတို့သည် ရန်လိုစိုးမိုးသူများဖြစ်ကြောင်း ထုတ်ဝေသူတစ်ဦးက ဝေဖန်ခဲ့သည်။

ဤဖြစ်ရပ်သည် လွန်စွာအရုပ်ဆိုးပြီး မော်ရိုကိုနိုင်ငံမှသည် ယီမင်နိုင်ငံအထိ အာရပ်ကမ္ဘာတစ်လွှား ပုံနှိပ်ထားသကဲ့သို့ စွဲထင်သွားမည်ဖြစ်ပြီး အမေရိကန်တို့သည် ကိုလိုနီနယ်ချဲ့သာမက ဆိုးရွားကြမ်းကြုတ်မှုများတွင် အဆိုးဆုံးဖြစ်ကြောင်း မှတ်ယူထားသည်ဟု ပြောကြားခဲ့ကြသည်။

ထို့အပြင် ရမ်းစဖဲလ်၏ ပြောကြားချက်များအားလည်း အာရပ်တို့က မယုံကြည်တော့ကြောင်း၊ အဓိကမေးခွန်းသည် ရမ်းစဖဲလ် နုတ်ထွက်ရေးထက် အမေရိကန်တို့၏ မူဝါဒနှင့်လုပ်ရပ်ကို ပြောင်းလဲမှု ရှိမရှိသာဖြစ်ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

မြန်မာစာပေ တို့အမွေ

ရွှေဘိုသီရိမာလာ

စာပေသည် လူသားများအတွက် မီးရှူးတန်ဆောင် ဖြစ်သည်။ ခေတ်အဆက်ဆက် စာပေဟူသော မီးရှူးတန်ဆောင်ကို သယ်ဆောင်လာခဲ့ကြပေသည်။ စာကပေးသော အသိအလိမ္မာသည် တစ်ဦးတစ်ယောက်အတွက် သာမက တစ်ရပ်လုံး၊ တစ်မြို့လုံး၊ တစ်ကမ္ဘာလုံးအတွက် အလင်းရောင် ဖြစ်ပေသည်။

စာအုပ်စာပေ လူ့မိတ်ဆွေ၊ စာပေမြင့်မှ လူမျိုးတင့်မည်၊ နှုတ်တစ်ရာ စာတစ်လုံး၊ စာပေထွန်းပြောင် ပြည်ကျိုးဆောင် စသော ဆောင်ပုဒ်များသည် စာပေ၏ ခွန်အားကို ညွှန်ပြနေပေသည်။ ကျွန်မတို့သည် သမိုင်းကို သိချင်သောအခါ စာပေမှာရှာကြရသည်။ ယဉ်ကျေးမှုနှင့် ထုံးတမ်းစဉ်လာကို သိလိုသောအခါ စာပေမှာရှာကြရသည်။ စာပေသည် လူမျိုးနှင့်နိုင်ငံအတွက်ပါ အရေးပါအရာရောက် ပေသည်။

နိုင်ငံတော်တည်ဆောက်ရာတွင်လည်း စာပေအင်အားသည် အထက်မြက်ဆုံး၊ အထိရောက်ဆုံးဖြစ်သည်။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် မျိုးချစ်စိတ်နှင့် တိုင်းချစ်ပြည်ချစ်စိတ်ကို တပ်လှန့်နှိုးဆော်သော ကလောင်အင်အားသည် တစ်တပ်တစ်အား ပါဝင်ခဲ့သည်။

စာဖတ်ခြင်းဖြင့် မိုက်မဲသူကို လိမ္မာစေသည်။ လိမ္မာသူကို သိမ်မွေ့စေသည်။ နိမ့်ကျသူကို မြင့်မားစေသည်။ စာကြည့်တိုက် တစ်တိုက်ထားရှိခြင်းသည် အကျဉ်းထောင်များကို ပိတ်ပစ်လိုက်သည်နှင့်တူသည်။ ကျေးလက်ဒေသတစ်ခုတွင် စာကြည့်တိုက်ထူထောင်ခြင်းသည် တက္ကသိုလ်ကျောင်းတစ်ကျောင်း တည်ထောင်လိုက်ခြင်းနှင့်တူသည်။ စာပေသည် တိုင်းပြည်တစ်ပြည်၊ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုကို ဖော်ကျူးရာဖြစ်သည်။ ကမ္ဘာပေါ်ရှိ လူမျိုးတိုင်းတွင် အမျိုးသားစာပေဟူ၍ ရှိသည်။

မျက်မှောက်ကာလတွင် နိုင်ငံတစ်နိုင်ငံ၏ ရှေးဟောင်းစာပေအမွေအနှစ် ပေ၊ ပုရပိုက်၊ ကျောက်စာတို့ကို ရေးသားပုံနှိပ်၍ဖြစ်စေ၊ ဖလင်ကော်ပြားတင်၍ဖြစ်စေ ခေတ်မီစွာ သိမ်းဆည်းမှတ်တမ်းတင်ထားကြပြီဖြစ်သည်။

ခေတ်အဆက်ဆက် ပြန့်ပွားထွန်းကားခဲ့သော မြန်မာစာပေလောကတွင် ထင်ရှားကျော်ကြားသော စာဆိုတော်ကြီးများရှိခဲ့သည်။ လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်၊ သာသနာန္တယ်ဝင် သီလရှင်စာပေပညာရှင်များရှိခဲ့ကြသည်။ ရှေးစာဆို အချို့ကို တင်ပြရလျှင် ရှင်မဟာရဋ္ဌသာရ၊ နတ်သျှင်နောင်၊ နဝဒေး၊ ဦးတိုး၊ ပြင်စည်မင်းသား၊ ရှင်ငြိမ်းမယ်၊ ဦးပုည၊ ဦးကြော့၊ တောင်တွင်းဆရာတော်ခင်ကြီးဖျော်၊ ဆရာတော်ဦးဗုဓ်၊ မြို့ဝန်ဦးနု၊ စတုရင်္ဂဗလအမတ်ကြီး၊ ကျည်းကန်ရှင်ကြီး၊ ပထမကျော်အောင်စံထား ဆရာတော်၊ ရှင်ဥက္ကံသာမာလာ၊ ကျီးသဲလေးထပ်ဆရာတော်၊ ကင်းဝန်မင်းကြီး၊ လေှသင်းအတွင်းဝန်ဦးချိန့်၊ စိန္တကျော်သူ ဦးဩ၊ ပုဂံဝန်ထောက်မင်းဦးတင်၊ လှိုင်ထိပ်ခေါင်တင်၊ နန်းမတော်မမြလေး၊ မယ်ခွေ၊ စာဆိုဖတ်ခင်သဲ၊ သီလရှင်မယ်ကင်း၊ လက်ဝဲသုန္ဒရအမတ်ကြီး စသည်တို့ ဖြစ်သည်။

အင်းဝခေတ်စာဆိုရှင် 'ရှင်မဟာရဋ္ဌသာရ'က မှတ်ဖွယ်ရာရာ၊ ထိုထိုစာကို၊ ရှာ၍မပြတ်၊ အိမ်တွင်ဖတ်၊ ဖတ်ပြန်သော်ကား၊ ဖတ်ဖန်များက၊ သားမယားပင်၊ သိမြင်ကင်းကွာ၊ မလိမ္မာလည်း၊ စာပေစကား၊ နေ့တိုင်းကြားက၊ ထူးခြားလိမ္မာ၊ ရှိသည်သာတည်း ဟူ၍ စာပေစကားကို နေ့တိုင်းကြားသိနေလျှင် ထူးခြားစွာ လိမ္မာယဉ်ကျေးလာနိုင်မည်ဟု ဆိုထားပေသည်။

ဦးကြော့၏ ခါနယုန်မေထုန်ရက်ပေမို့၊ ဖြေပုံခက်ကြုံလာ၊ ငွေပုံစက်ယုန်ရထားမှာ၊ မှုန်ပြာပြာရစ်ဖုံး၊ မန်းသေလ ထင်ရောင်ရောင်ငယ်၊ မင်းဝံတောင်တန်းဆီကချန်း စသည့် နယုန်လဖွဲ့ အပါအဝင် တေးထပ်များသည် ထင်ရှားကျော်ကြားလှသည်။ ထို့ပြင် ပိတောက်ပန်းဖွဲ့တွင်လည်း လတန်ခူးပေမို့၊ အလှထူးပါဘိ၊ မြမြဖူးရယ်တဲ့ ခိုင်ရွှေဝါ၊ တကယ်တမ်းသာဖြင့်၊ ဘယ်ပန်းသော်စံမတူဘူး၊ နန္ဒမူဖလ်ဂူထိပ်မှာလ၊ ပစ္စေကာရွှေတော်သိပ် ရတယ်ကွယ်၊ ဇရိပ်ဆာယာ၊ တစ်နှစ်တွင် သည်တစ်လပေပ၊ တစ်လတွင် တစ်ရက်ထဲ၊ ခက်ခဲတဲ့ရက်ဗုဒ္ဓါ၊ ပွင့်ရှာကြစုန်မြိုင်တွင်း စသည်ဖြင့် လှလှပပဖွင့်ဆိုခဲ့ကြသည်။

မြန်မာစာပေသမိုင်းကို ပြန်ကြည့်လျှင် ပုဂံခေတ်သုံး စာပေဝေါဟာရတို့၏ တိုတိုနှင့်ထိမိမှု၊ ပင်းယခေတ်၌ ဖြစ်သော ကဗျာလင်္ကာ အဖွဲ့အနွဲ့၊ တောင်ငူခေတ်၊ အင်းဝခေတ်တို့၌ ပေါ်လာသော ရတု၊ ကဗျာ၊ ပျို့၊ ချေင်းများ၊ ကုန်းဘောင်ခေတ်တွင်ပေါ်သော တေးထပ်၊ ဘောလယ်၊ ရကန်၊ ပြဇာတ်၊ဝတ္ထု စသည်တို့အထိ စာပေသမိုင်းတွင် အဆင့်ဆင့် တိုးတက်မြင့်မားလာခဲ့ပေသည်။

မျက်မှောက်ကာလတွင် နိုင်ငံတော်၏ အားပေးမှုကြောင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီးသည် တလုံးတစည်းတည်းထွန်းပေါ်လျက်ရှိပြီး စာပေလောကသားများ၏ အားထားမှီခိုရာ၊ တွေ့ဆုံဆွေးနွေးညှိနှိုင်းတိုင်ပင်ရာ အဖွဲ့အစည်းကြီးအဖြစ် ဂုဏ်ယူဝင့်ကြွားစွာ ရပ်တည်လျက်ရှိသည်။ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ပြန့်ပွားစေရန် စည်းရုံးလှုံ့ဆော်လျက်ရှိပြီး စာပေနှီးနှောဖလှယ်ပွဲများကို ၁၉၆၅ခုနှစ်မှစ၍ ဘာသာရပ်အမျိုးမျိုးခွဲ၍ ကျင်းပခဲ့သည်။ကလေးစာပေနှီးနှောဖလှယ်ပွဲ၊သိပ္ပံစာပေ၊ ဘာသာပြန်စာပေ၊ စာနယ်ဇင်းသမိုင်း၊ နိုင်ငံတကာစာအုပ်နှစ်အထိမ်းအမှတ်၊ခရီးသွားစာတမ်းဖတ်ပွဲစသည်တို့သည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးပြုခဲ့ပေသည်။ ယနေ့မြန်မာနိုင်ငံတွင် သတင်းစာဖတ်သူအင်အားသည် ကြီးမားသည်။ တစ်နေ့စောင်ရေ လေးသိန်းကျော် ထုတ်ဝေပေးလျက်ရှိရာ ဘယ်ခေတ်ကမျှ မရှိခဲ့ဘူးပါချေ။ သတင်းစာတစ်စောင်ကို လက်ဖက်ရည်ဆိုင်များ၊ စားသောက်ဆိုင်များတွင် လူတစ်ရာ ကိုးဆယ်ထက်မနည်း ဖတ်ကြသကဲ့သို့ မိသားစုအနေဖြင့်လည်း တစ်အိမ်လုံးလှည့်ဖတ်ကြသည်။ သတင်းစာတစ်ရက်မဖတ်ရလျှင် တစ်ခေတ်နောက်ကျမည်ဟု အဆိုရှိသည်။ သတင်းစာဆိုသည်မှာ နေ့စဉ်သမိုင်းကို စုစည်းထားသော စာပေဖြစ်သည်။ ထို့ကြောင့် သတင်းစာသည် ခေတ်တစ်ခေတ်အကြောင်းကို သမိုင်းအဖြစ် မီးမောင်းထိုးပြလျက်ရှိသည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် စာရေးဆရာများ၏နေ့ဟူ၍ မရှိပါ။ သို့ရာတွင် မြန်မာနိုင်ငံ၏ စာပေပညာရှင်များကို ဂုဏ်ပြုသောအားဖြင့် နှစ်စဉ် နှစ်တိုင်း နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့အဖြစ် ကျင်းပခဲ့သလို စာပေဆုပေးပွဲကိုလည်း နိုင်ငံတော်ကကျင်းပပြီး ထိုက်ထိုက်တန်တန် ဆုများချီးမြှင့်လျက်ရှိသည်။

စာပေနှင့်စာနယ်ဇင်း အဖွဲ့ဝင်များကလည်း စုစုစည်းစည်း ရှိလှပါသည်။ စာပေစေတနာထက်သန်သော အလှူရှင်များကလည်း စာဆိုတော်နေ့များ၊ စာပေညီလာခံများအတွက် ရက်ရက်ရောရော လှူဒါန်းကြ၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို ဂုဏ်ပြုလျက် စာပေဖြင့် နိုင်ငံတော်ကို အကျိုးပြုရင်း စာပေမောင်နှမများ ပိုမိုစည်းလုံး ညီညွတ်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသတည်း။ ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရွှေတန့်တစ်သရက္ခန်ဘုရားကို ဖူးမြော်ကြည်ညိုပြီး အလှူငွေများပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

ထို့နောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့က ဆောင်ရွက်ပြီး စိုက်ပျိုးရေရရှိရေး လုပ်ငန်းများနှင့် သီးနှံစိုက်ပျိုးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လက်ရှိဆည်တမံလုပ်ငန်းများနှင့် မြစ်ရေတင်လုပ်ငန်းများ၏ ရေသောက်ဧရိယာကို ဖြစ်နိုင်သမျှ တိုးချဲ့ပေးရမည့်အပြင် ချင်းတွင်းမြစ်၌တည်ဆောက်မည့် ရွှေစာရေးဒေသ ရေအားလျှပ်စစ်စီမံကိန်းမှတစ်ဆင့် ပခုက္ကူခရိုင်အတွင်းရှိ စိုက်ပျိုးမြေများကို တိုးချဲ့ရေပေးဝေနိုင်မည့် အလားအလာများကို ကွင်းဆင်းလေ့လာတိုင်းတာမှုများ ပြုလုပ်ထားရန် မှာကြားသည်။

လျှပ်စစ်မြစ်ရေတင်လုပ်ငန်း

ပခုက္ကူခရိုင်အတွင်းတွင် ပခုက္ကူမြို့နယ်၌ ကုက္ကိုလှလျှပ်စစ်မြစ်ရေတင်လုပ်ငန်း၊ ရွှေတန့်တစ်လျှပ်စစ်မြစ်ရေတင်လုပ်ငန်း၊ ရေစကြိုမြို့နယ်၌ ချစ်သူလျှပ်စစ်မြစ်ရေတင်လုပ်ငန်း၊ သင့်သည်လျှပ်စစ်မြစ်ရေတင်လုပ်ငန်း၊ သမန္တပို့လျှပ်စစ်မြစ်ရေတင်လုပ်ငန်းနှင့် မင်းရွာလျှပ်စစ်မြစ်ရေတင်လုပ်ငန်း၊ ပေါက်မြို့နယ်၌ ရေပြာလျှပ်စစ် မြစ်ရေတင်လုပ်ငန်းတို့ကို ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက ဆောင်ရွက်ပြီးဖြစ်သည်။

ပခုက္ကူခရိုင်အတွင်း နံ့ပို့ကြီးရွာနှင့် ဝါယာ၊ သာစည်လျှပ်စစ်မြစ်ရေတင် လုပ်ငန်းများကိုလည်း ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရွှေတန့်တစ်ကျေးရွာရှိ ရွှေတန့်တစ်သရက္ခန်ဘုရားကို ဖူးမြော်ကြည်ညိုကြပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဘုရားအတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ရဟတ်ယာဉ်များဖြင့် မန္တလေးတိုင်း ပုဂံ-ညောင်ဦးသို့ ရောက်ရှိကြရာ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။ (သတင်းစဉ်)

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဝင်များ မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များအား လှည့်လည်စစ်ဆေး

ရန်ကုန် မေ ၉

မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေး ကော်မတီ ကော်မတီဝင်များ ဖြစ်ကြသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌွေး၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ စစ်ထောက်ချုပ်ရုံးမှ ဗိုလ်မှူးကြီးမြင့်အုန်း၊ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးခင်မောင်၊ ဒုတိယဗိုလ်မှူးကြီးတင်မောင်ထွန်း၊ တပ်ထိန်းတပ်မှူး ဗိုလ်မှူးလှမြင့်ဦး၊ ညွှန်ကြားရေးမှူးများဖြစ်ကြသော ဦးဘော်ထင်နှင့် ဦးတင်အောင်၊ အတွင်းရေးမှူး အစိုးရအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်လှ၊ တွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်တို့သည် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲမှုစစ်ဆေးနေကြသည်တို့ကို လှည့်လည်စစ်ဆေး ကြပ်မတ်ကြသည်။

စစ်ဆေး

နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသော နေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့်ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များ ဖြစ်သည့် သက်ဆိုင်ရာ တပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်(ဗီးတက်)နှင့် ဌာနဆိုင်ရာဝတ်စုံများ ဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်း ရှိ-မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများကိုပါ စစ်ဆေးကြသည်။ (သတင်းစဉ်)

လှည့်လည်စစ်ဆေး

မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေး ကော်မတီဝင်များ မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များအား လှည့်လည်စစ်ဆေးကြပ်မတ်စဉ်။ (သတင်းစဉ်)

ရှေ့ဖုံးမှ

စိန်ဖူးတော်အသစ် တင်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ညောင်ဦးမြို့ဂူကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ ဇာဂရ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက မကွေး ဆရာတော် ဘဒ္ဒန္တ ကုမာရနှင့် ပင့်ဖိတ်တော်မူထားသည့် ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့်ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မန္တလေးတိုင်းမှ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးဝတ် အသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများတက်ရောက်ကြည်ညိုကြသည်။

မင်္ဂလာအခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် မန္တလေးတိုင်း သာသနာရေးဦးစီးမှူး ဦးခင်မောင်ဝင်းက ဆောင်ရွက်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ပုဂံမြို့ အာနန္ဒာဘုရားကြီး စိန်ဖူးတော်အသစ် တင်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနားတွင် စိန်ဖူးတော်နှင့် ရတနာပစ္စည်းများကို ပင့်ဆောင်၍ အာနန္ဒာဘုရားကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ပုဂံမြို့ အာနန္ဒာဘုရားကြီး စိန်ဖူးတော်အသစ် တင်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနားတွင် စိန်ဖူးတော်အား နံ့သာရည်များ ပက်ဖျန်းပေးကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ပုဂံမြို့အာနန္ဒာဘုရားကြီး စိန်ဖူးတော်အသစ် တင်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနားတွင် စိန်ဖူးတော်ကို စေတီတော်အထွတ်တွင် တင်လှူပူဇော်ပေးကြစဉ်။

(သတင်းစဉ်)

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီးစောင်းမူမူသိန်းတေးဂီတအဖွဲ့က ထူးမခြားနားသီချင်းခန့်ဖြင့် ပူဇော်သည်။

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ ညောင်ဦးမြို့ဂူကျောင်းဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇာဂရထံမှ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီးဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်အရှင်သူမြတ်တို့က ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် ပုဂံမြို့ အာနန္ဒာဘုရားကြီးအား ရည်မှန်း၍ လှူဒါန်းအပ်သော စိန်ဖူးတော်နှင့် လှူဖွယ်ပစ္စည်းများကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေး ဆရာတော် ဘဒ္ဒန္တ ကုမာရအား ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များ၊ အလှူရှင်များသည် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်ချ အမျှပေးဝေကြသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် စိန်ဖူးတော်ကို လည်းကောင်း၊ ဇနီး ဒေါ်မြမြစန်းက ရတနာပစ္စည်းများကိုလည်းကောင်း ပင့်ဆောင်၍ အာနန္ဒာဘုရားကြီးအား ဒေဝါဝင်းရာဇာဝင်းတို့နှင့်အတူ လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။

ထိုအချိန်တွင် ရွှေပေါက်ကံမင်္ဂလာစည်တော်ကြီးအဖွဲ့၊ စိန်မော်တာမင်္ဂလာဆိုင်းအဖွဲ့တို့က ဓမ္မတေးများဖြင့် ပူဇော်ကြသည်။

တင်လှူပူဇော်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် စိန်ဖူးတော်အား နံ့သာရည်များပက်ဖျန်း၍ တပ်မတော်(လေ) မြလေယာဉ်ကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့၏မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ တင်လှူပူဇော်ပေးကြသည်။

နံ့သာရည်ပက်ဖျန်း

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် အစိုးရအဖွဲ့

အဖွဲ့ဝင် ဝန်ကြီးများသည် မင်္ဂလာအချိန် ကျရောက်သည်နှင့် စိန်ဖူးတော်အား စေတီတော်အထွတ်တွင် တင်လှူ ပူဇော်ပေးကြပြီး နံ့သာရည်များဖြင့်လည်း ပက်ဖျန်း ပူဇော်ကြသည်။

ဆက်လက်၍ အခမ်းအနားမှူးက အမျှဝေစာတမ်းကို ဖတ်ကြားသည်။ ထို့နောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု တင်လှူပြီးစီးခြင်းအထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုးရွာသွန်းပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် မင်္ဂလာအခမ်းအနားသို့ ကြွရောက်တော်မူကြသည့် ဆရာတော် သံဃာတော်များအား ဘုရားကြီး၏ ဂေါပကအဖွဲ့ရုံး၌ နေ့ဆွမ်းဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များ ပုဂံမြို့ အာနန္ဒာဘုရားကြီး စိန်ဖူးတော်အသစ် တင်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနားသို့ ကြွရောက်တော်မူကြသည့် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ပုဂံမြို့ အာနန္ဒာဘုရားကြီး စိန်ဖူးတော်အသစ် တင်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနားတွင် စိန်ဖူးတော်နှင့် လှူဖွယ်ပစ္စည်းများကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရအား ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပုဂံမြို့ အာနန္ဒာဘုရားကြီး စိန်ဖူးတော်အသစ်တင်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနားတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ စိန်ဖူးတော်အသစ် တင်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီးဒေါ်မြမြစန်းနှင့်အဖွဲ့ဝင်များသည် စိန်ဖူးတော် အသစ် ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီးဒေါ်မြမြစန်းနှင့်အဖွဲ့ဝင်များသည် အာနန္ဒာဘုရားရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ဧည့်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး ဘုရားအတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)

မိုးတစ်ကြိမ်နှစ်ကြိမ်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မအူပင် ကျိုးမဲကြီး မွေးမြူရေးစခန်းကြည့်ရှု နိုင်ငံ့အကျိုးဖြစ်ထွန်းရေးရှေးရှု ကန်ပေါင်များတွင်စားပင်နှင့်သီးပင် စိုက်ပျိုးရေးမှာကြား

ရန်ကုန် မေ ၉

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း (အငြိမ်းစား)၊ ဗဟိုစည်းရုံးရေးကော်မတီဝင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ထွက်ခွာကြရာ နံနက် ၇ နာရီတွင် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာသို့ရောက်ရှိကြပြီး ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းမှတစ်ဆင့်အတွင်းရေးမှူး(၂) နှင့် အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မအူပင်မြို့နယ် မီးသွေးချောင်းကျေးရွာအုပ်စု–မအူပင်–ဆားမလောက်ကားလမ်းဘေးရှိ တိုင်းရင်းသား ပုဂ္ဂလိကမွေးမြူရေးလုပ်ငန်းရှင်များ၏ ငါးမွေးမြူရေးကန်များ တူးဖော်ထားမှုနှင့် တူးဖော်ပြီး ငါးမွေးမြူရေးကန်များတွင် ငါးမြစ်ချင်းများ မွေးမြူထားမှုကို ကြည့်ရှုစစ်ဆေးပြီး အတွင်းရေးမှူး(၂)က လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူတို့အား မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းမှတစ်ဆင့်အတွင်းရေးမှူး(၂) စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များသည် မအူပင် မြို့နယ် မီးသွေးချောင်းကွင်း၌ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်က အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည့် ငါးမွေးမြူရေးကန်များ တူးဖော် ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

လုပ်ငန်းအစီအစဉ်ရှင်း

ယင်းနောက် အတွင်းရေးမှူး(၂) စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်က ငါးမွေးမြူရေး လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် မအူပင်မြို့နယ် ကျိုးမဲကြီး ငါးမွေးမြူရေးစခန်းသို့ ရောက်ရှိကြရာ အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များအား ရှင်းလင်းခန်းမ၌ စခန်းတာဝန်ခံအရာရှိ ဗိုလ်မှူးအောင်မင်းက ငါးမွေးမြူကန်များ တူးဖော်ပြီးစီးမှု၊ ငါးမွေးမြူထားမှု၊ စခန်းအတွင်း ကုန်ထုတ်လမ်းများ ဖောက်လုပ်နေမှု၊ ရင်းနှီးမြှုပ်နှံမှု၊ ဝင်ငွေရရှိနိုင်မှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်တို့ကို ရှင်းလင်းတင်ပြရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဧရာဝတီတိုင်း၏ ၂၀၀၃–၂၀၀၄ ခုနှစ် နွေစပါးစိုက်ပျိုးမှုနှင့် ရိတ်သိမ်းပြီးစီးမှုအခြေအနေ၊ ငါးမွေးမြူမှုအခြေအနေ၊ တိုင်းရင်းသားကုမ္ပဏီများ၏ ၂၀၀၃–၂၀၀၄ ခုနှစ် စိုက်ပျိုးမွေးမြူပြီးစီးမှုအခြေအနေနှင့် ပံ့ပိုးဆောင်ရွက်ပေးနေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ် ဌာနချုပ်မှူး ဒုတိယဗိုလ်မှူးကြီး ဝင်းမောင်(အငြိမ်းစား)က ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် သဇင်ရေကျော် ငါးမွေးမြူရေးစခန်း၌ ဧက ၃၅၀ ငါးမွေးမြူရေးကန်ဖော်ထုတ်လုပ်ကိုင်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ပေါင်းစပ်စိုက်ပျိုး

ယင်းနောက် အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ညှိနှိုင်းစီစဉ်ပေးပြီး မိမိအဖွဲ့အကျိုး၊ ဒေသနှင့် နိုင်ငံ့အကျိုးဖြစ်ထွန်းရေးကိုရှေးရှုကာ လုပ်ငန်းတွင် အလေအလွင့် အဆုံးအရှုံးမရှိရေး၊ မွေးမြူထားသည့် ငါးများ အသေအပျောက်နည်းပါးပြီး ကြီးထွားမှု မြန်ဆန်ရေးအတွက် စနစ်တကျ ကျွေးမွေးပြုစုရေးတို့ကို စေတနာထား ဆောင်ရွက်ကြရေးနှင့် ငါးမွေးမြူထားသည့် ကန်ပေါင်များတွင် လေကာမိုးကာ အထောက်အကူဖြစ်သည့် စားပင် သီးပင်များပါ ပေါင်းစပ်စိုက်ပျိုးကြရေးမှာကြားသည်။

ငါးမွေးမြူရေး

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်၏ မအူပင်မြို့နယ် ကျိုးမဲကြီးငါးမွေးမြူရေး စခန်းတွင် ဧက ၁၀၀၀ လျာထားရာ ဖော်ထုတ်ပြီး ငါးကန် ၆၀၈ ဧကအနက် ဧက ၁၈၀ တွင် ခြောက်လသားအရွယ်ငါးမြစ်ချင်းကောင်ရေ ၃၂၀၀၀၀ ကျော်၊ ငါးသိုင်းနှင့် ငါးကြင်းကောင်ရေ ၂၅၀၀၀ ကျော် စုစုပေါင်း ငါးကောင်ရေ ၃၄၅၀၀၀ ကျော် မွေးမြူထားကြောင်း သိရသည်။

ဧရာဝတီတိုင်း တစ်တိုင်းလုံးတွင် နွေစပါး ၁၃၂၀၈၀၅ ဧကစိုက်ပျိုးထားသည့်အနက် ယနေ့အထိ စပါး ၁၁၄၅၅၈၆ ဧက ရိတ်သိမ်းပြီးစီးကာ တစ်ဧကလျှင် စပါးအထွက်နှုန်း ၈၆ ဒသမ ၃ တင်းနှုန်းဖြင့် စပါး ၉၈၅၅၉၃၈၅ တင်း ထွက်ရှိပြီး တိုင်းရင်းသားကုမ္ပဏီ ၂၈ ခုတို့ကလည်း စိုက်ပျိုးမွေးမြူရေး လုပ်ကိုင်ရန် မြေ ၁၉၅၄၄၆ ဧက ရယူထားသည့် အနက် ဖော်ထုတ်ပြီးမြေ ၁၄၃၈၆၀ ဧကတွင် ၇၅၁၀၄ ဧကကို စိုက်ပျိုး ရေးလုပ်ငန်း လုပ်ကိုင်ထားပြီး ၃၁၈၂၀ ဧကတွင် ငါးမွေးမြူရေးလုပ်ငန်းတို့ကို လုပ်ကိုင်လျက်ရှိသည်။

တိုးချဲ့တူးဖော်

ဧရာဝတီတိုင်းတစ်တိုင်းလုံးတွင် ငါးမွေးမြူကန်ဧက ၈၀၀၀၀ တူးဖော်ရန် လျာထားဆောင်ရွက်လျက်ရှိရာ ယခုနှစ် မေ ၅ ရက်အထိ ငါးမွေးမြူကန် ၈၀၃၂၄ ဧက တူးဖော်ပြီးစီးပြီး လျာထားချက်ထက် ကျော်လွန်တူးဖော်ပြီးစီးကြောင်းနှင့် ဆက်လက်၍ ငါးမွေးမြူရေးကန်များ တိုးချဲ့တူးဖော်လျက်ရှိကြောင်းသိရသည်။

တူးဖော်ပြီးစီးမှုအခြေအနေ

ထို့နောက် အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ ရေနက်ကွင်းဒေသများ၌ ငါးမွေးမြူရေးကန်များ တူးဖော်ပြီးစီးမှု အခြေအနေတို့ကို စက်တပ် ရေယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူတို့အား မှာကြားကာ ပြန်လည်ထွက်ခွာလာရာ ရန်ကုန်မြို့သို့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

မြတ်ဗုဒ္ဓဒေသနာတော်နှင့် မင်္ဂလသုတ်သင်တန်းဖွင့်မည်

ရန်ကုန် မေ ၉

ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာ အသင်းချုပ် (၁၆)ကြိမ်မြောက် မြတ်ဗုဒ္ဓဒေသနာတော်နှင့် မင်္ဂလသုတ် (အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာ) သင်တန်းကို အသင်းချုပ် ဩဝါဒါ စရိယ ကမ္ဘာအေးဆရာတော် ဦးပညာဒီပ အစီအစဉ်အရ တွဲဖက် ပါမောက္ခ ဆရာဦးလှမြင့်နှင့် ဗိုလ်မှူးကြီး(ငြိမ်း) ဒေါက်တာတင်သိန်းလွင်တို့က သင်ကြားပို့ချမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

(က–ပ)

ထူးခြားသည့်နေ့အပူချိန်များ (၉–၅–၂၀၀၄)

ချောက်မြို့ ၄၃ ဒီဂရီစင်တီဂရိတ် (၁၀၉ ဒသမ ၄ဒီဂရီဖာရင်ဟိုက်)

ရန်ကုန်မြို့ ၃၂ ဒသမ၅ဒီဂရီစင်တီဂရိတ် (၉၁ ဒီဂရီဖာရင်ဟိုက်)

ပြည်သူနှင့်မီးသတ် ရင်ချင်းအပ် ငြိမ်းသတ်ကာကွယ်မီးအန္တရာယ်

(က)

နွေရာသီရောက်ပြီဆိုသည်နှင့် သတိကြီးမားကြသူ သတိမန္တပုဂ္ဂိုလ်များအဖို့ မျက်ခုံးပင့်နေကြရသည့် ကိစ္စတစ်ခုမှာ မီးဘေးအန္တရာယ်ပင် ဖြစ်၏။ နွေပူပူ၊ နေပူပူ၊ လေပူပူအတွင်း မီးပူပူပေါ့ဆမှုကြောင့် ကိုယ်ပူ၊ စိတ်ပူ၊ ဘဝပူ၊ ပူထူခြောက်ခန်း ဝမ်းနည်းရင်နင့်ကြရသည့်ဖြစ်စဉ်များက ဟိုမှသည်မှ ပေါ်ပေါ်လာတတ်သောကြောင့် ဖြစ်သည်။

ထို့ကြောင့် နွေရာသီရောက်ပြီဆိုလျှင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ကြစေရေး သတိပေးသံများကို ရေဒီယို၊ ရုပ်မြင်သံကြားတို့မှ နေ့စဉ်ထုတ်လွှင့် သတိပေးလျက်ရှိခြင်း၊ နေ့စဉ်သတင်းစာများ၌ နေ့စဉ်မပြတ် မီးဘေးသတိရှိရန် ဆောင်ပုဒ်များ ထည့်သွင်းဖော်ပြပေးလျက်ရှိခြင်းတို့ဖြင့် သက်ဆိုင်ရာတို့က တစ်နိုင်ငံလုံးသို့ မီးဘေး ထင်းဘေး သတိပေးနေခြင်း ဖြစ်သည်။

(ခ)

မီးဘေးနှင့် ပတ်သက်လျှင် မြတ်ဗုဒ္ဓကိုယ်တော်တိုင်ကပင် သတိပေးတော်မူခဲ့ကြောင်း ပဋိကတ်များ၌အထင်အရှား ပါရှိ၏။ လောင်စာကြောင့်လောင်မြိုက်သောမီး(ကဠအဂ္ဂိ)အပြင် အခြားသတိပြုဖွယ်ရာမီးများအဖြစ် ကမ္ဘာဖျက်မီး(ကပ္ပုဋ္ဌာနအဂ္ဂိ)၊ ငရဲမီး(နိရယအဂ္ဂိ)စသည်တို့သာမက လောင်ကျွမ်းတတ်သော မီးနှင့်တင်စားပြီး–

(၁) **အာဟုနေယျ အဂ္ဂိ** = မိဘတို့အား စော်ကားခြင်းကြောင့် လောင်မြိုက်သောမီး၊

(၂) **ဂဟပတိ အဂ္ဂိ** = ကာမပိုင်ခင်ပွန်းသည်အား ကျော်နင်းခြင်းကြောင့် လောင်မြိုက်သောမီး၊

(၃) **ဒက္ခိဏေယျ အဂ္ဂိ** = ရဟန်းသံဃာတို့အား ပြစ်မှားခြင်းကြောင့်လောင်မြိုက်သောမီးတို့ကို မြတ်ဗုဒ္ဓကိုယ်တော်တိုင် သတိပေးဟောထားတော်မူခဲ့၏။

(အံ၊၂၊၄၂၈ စသည်)

လောင်စာကြောင့် လောင်ကျွမ်းသော သဘာဝမီးအန္တရာယ်သည်ပင် အိုးလောင် အိမ်လောင် စီးပွားလောင်သဖြင့် ကြောက်လန့်ဖွယ်အဖြစ် ထင်ရှားနေလေရာ ဖော်ပြပြီးသော ဂမ္ဘီရမီးများကား ဆိုဖွယ်ရာမရှိ၊ အတိဘယစစ်စစ် အလွန်ကြောက်လန့်ဖွယ်ဖြစ်ကြောင်း ခေတ်လူသားတိုင်း သတိပြုအပ်ကြကုန်၏။

(၁) မိသားစုအတွင်း ဖြစ်လေ့ဖြစ်ထရှိသော သာမန်အဆင်မပြေမှုများ၊ မိဘနှင့်သားသမီးတို့၏ သာမန်စိတ်အခန့်မသင့်မှုများထက် ဆတက်လွန်ကျူးပြီး မိဘကျေးဇူးကို ချေဖျက်ခြင်း၊ မိဘများ၏ ဂုဏ်သိန်ကို ညှိုးမှိန်အောင်ခြေချိုးခြင်း၊ မိဘများကိုပင် ထန်တင်းဒေါသဖြင့် ရန်သူသဖွယ် ပြုမူခြင်းတို့သည် **အာဟုနေယျ အဂ္ဂိ** မည်သဖြင့် ယင်းလောင်မီးဒဏ်ကို သားဆိုး၊ သမီးမိုက်တို့ ပြေးမလွတ် ခံရလေ့ရှိ၏။

မိဘဟူသည် အဘယ်မိဘမဆို ဗိမ္ဗိသာရမေတ္တာ၊ ဗိမ္ဗိသာရ ကရုဏာမျိုးသာ ထပ်တူထပ်မျှ ထင်ဟပ်လေ့ရှိသကဲ့သို့ သားသမီးများမှာမူ အဇာတသတ်မာန်မျိုး မပျိုးမိကြဖို့ အမြဲသတိရှိအပ်ကြကုန်၏။

မိဘတော်လှန် သားသမီး၊ မိဘပုန်ကန် သားသမီးများကား **အာဟုနေယျ အဂ္ဂိ** မီး၏လောင်စာတို့သာ ဖြစ်လေကုန်၏။

(၂) ခင်ပွန်းသည်က စိတ်ကောင်းနှလုံးကောင်း အကျင့်ကောင်းပါလျက် ဂုဏ်ရည်မထောက်ထား ဖောက်ပြားခြင်း၌ မွေ့လျော်ပျော်ပါးတတ်သူ ဇနီးမိုက်သည် **ဂဟပတိ အဂ္ဂိ** မီး၏လောင်စာ ဖြစ်လေ၏။

(၃) သံဃာကို ကိုယ်စားမပြုသော ပုဂ္ဂိုလ်အချို့၊ သာသနာ့ဝန်ထမ်းအချို့၏ ပါသာဒိကဂုဏ်ပျက်ယွင်းမှုကြောင့် သံဃာအပေါ်၊ သာသနာတော်အပေါ် လွှမ်းခြုံပြစ်မှားကာ ကောက်ကျစ်ယုတ်မာတတ်သော ဒကာဆိုး၊ ဒကာမမိုက်များသည် **ဒက္ခိဏေယျ အဂ္ဂိ** မီး၏လောင်စာဖြစ်လေ၏။

ဖော်ပြပါ ဘုရားဟော ဥပစာဒေသနာအရ လောင်စာသည် ထင်း၊ ဝါး၊ သစ် စသော သက်မဲ့များမဟုတ်ဘဲ သားဆိုး သမီးမိုက်၊ မယားဆိုး ဇနီးမိုက်၊ ဒကာဆိုးဒကာမမိုက်ဟူသည့် သက်ရှိများဖြစ်ကြောင်း ထင်ရှား၏။ မီးဟူသည် လောဘ၊ ဒေါသ၊ မောဟ အကြောင်းခံကြောင့် ဖြစ်ပွားသော ပြစ်မှားဖောက်ပြန်မှုဖြစ်ကြောင်းနှင့် ကုသိုလ်ရေဖြင့် မငြိမ်းသတ်နိုင်သမျှ ကာလပတ်လုံး သံသရာသို့တိုင် လိုက်ပါလောင်ကျွမ်းမည်ဖြစ်ကြောင်း သတိသမ္ပဇဉ် အမြဲယှဉ်အပ်ကြပါကုန်၏။

(ဂ)

ဖော်ပြပြီး ဂမ္ဘီရမီးများမှတစ်ပါး သဘာဝမီးဖြစ်သည့် ထင်းမီး၊ လောင်စာမီးနှင့်ပတ်သက်၍ လူသားတို့၏ပေါ့ဆမှု၊ သတိချွတ်ယွင်းမှုကို အကြောင်းခံကာ အန္တရာယ်မီးအဖြစ် ကူးစက်လောင်မြိုက်တတ်ကြောင်း အားလုံးသိရှိကြပြီး ဖြစ်၏။ များသောအားဖြင့် မီးဖိုချောင်မှ စဖြစ်လေ့ရှိ၏။ထို့ပြင် အိပ်ပျော်သွားချိန်အထိ မီးကြွင်းမီးကျန်များ ရှိနေသောအခါမျိုး၊ ဖယောင်းတိုင်ဖြင့် ဘုရားမီးပူဇော်ပြီး လူက အခြားတစ်နေရာ၌ရှိနေခိုက် ဖယောင်းတိုင်လဲကျကာ ဘုရားဆောင်ရှိ စက္ကူပုံတော်များ၊ အမွှေးတိုင်ထုပ်၊ ပလတ်စတစ်အိတ်များ၊ ပန်းခြောက်များသို့ မီးကူးစက်သောအခါမျိုး၊ ခြင်ထောင်အနီး ရေနံဆီ မီးခွက်ထွန်းထားရာမှ မတော်တဆထိခိုက်ကာ ခြင်ထောင်မီးစွဲသောအခါမျိုး၊ လျှပ်စစ်မီးကြိုး ရှော့(ခ်)ဖြစ်ပြီး မီးထတောက်သောအခါမျိုး၊ ဂက်(စ်)အိုး ပေါက်ကွဲသည့်အခါမျိုး စသည်ဖြင့်လည်း မီးဘေးအန္တရာယ် ဖြစ်ပွားတတ်၏။ ထိုမှတစ်ပါး မသမာသူတို့၏ ရှို့မီးကြောင့်လည်း မီးဘေးအန္တရာယ်ဖြစ်ပွားတတ်၏။

မီးဘေးအန္တရာယ်ဖြစ်ပွားလျှင် သိသိချင်း မီးသတ်တပ်ဖွဲ့သို့ အကြောင်းကြားအသိပေးတတ်ရန် အထူးလိုအပ်၏။ ယင်းမှာ သိသူတိုင်း၏ တာဝန်ဖြစ်၏။ မီးသတ်တပ်ဖွဲ့ဟူသည် မီးအန္တရာယ်ကိုကာကွယ်ရန် ၂၄ နာရီလုံးလုံး အသင့်ရှိနေသည့် စွမ်းအားပြည့်အဖွဲ့အစည်း ဖြစ်သည်။ ယင်း၏ရည်ရွယ်ချက်များမှာ–

(၁) မြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ အသက် အိုးအိမ်ပစ္စည်းများ၊ နိုင်ငံပိုင် ကုန်ထုတ်အရင်းအနှီး အဆောက်အအုံများကို မီးဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်ရန်၊

(၂) သဘာဝအလျောက် ဖြစ်ပွားတတ်သည့် ဘေးအန္တရာယ်အမျိုးမျိုးကို ပြည်သူများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကာကွယ်စောင့်ရှောက်ရန်၊

(၃) နိုင်ငံတော် အေးချမ်းသာယာရေး အရန်အင်အားအဖြစ် လေ့ကျင့်ဖွဲ့စည်းတည်ဆောက်ရန်

ဟူ၍ ဖြစ်ပေရာ ယင်းရည်ရွယ်ချက်များကို အစဉ်အမြဲ အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိနေသည်။

ထို့အပြင် မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်တားဆီးရေး၊ မီးငြိမ်းသတ်ရေး၊ လူမှုရေး၊ နိုင်ငံတော်အေးချမ်းသာယာရေး၊ အရန်အင်အားအဖြစ် ဖွဲ့စည်းတည်ဆောက်ရေးတို့ကို အဓိကတာဝန်ကြီးငါးရပ်ဟူ၍ သတ်မှတ်ထားသည်သာမက မီးသတ်တပ်ဖွဲ့၏ အရည်အသွေးကို အမြဲထွန်းတောက်နေစေမည့် လုပ်ငန်းရပ်များဖြင့်လည်း အမြဲမွမ်းမံလျက် ရှိ၏။

ထိုမှတစ်ပါး အကြီးအကဲများအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ်(၁၀)ပါးနှင့် အောက်လက်ငယ်သားများအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ်(၁၀)ပါးတို့ကို ပြဋ္ဌာန်းထားပေရာ ထိုကျင့်ဝတ်များသည် အဖွဲ့အစည်းတိုင်း၊ အဖွဲ့အစည်းနှင့်မကင်းသူတိုင်း အထက်အောက် အပြန်အလှန် ကောင်းကျိုးပြုမည့် ကျင့်ဝတ်များဖြစ်သောကြောင့် ဤ၌ အကျယ်ဖော်ပြအပ်ပါ၏။

ရတနာစည်ဆရာတော် (လှိုင်လင်)

အကြီးအကဲများအပေါ်ပြုကျင့်ရမည့် ကျင့်ဝတ်(၁၀)ပါး

၁။ အကြီးအကဲများကို မိမိဆရာသမားအရင်းဟူ၍ အစဉ်နှလုံးပိုက်ပါ၊
၂။ အကြီးအကဲများ၏အမိန့်ကို တိကျစွာလိုက်နာပါ၊
၃။ အကြီးအကဲများမှ ပေးအပ်သောတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ပါ၊
၄။ အကြီးအကဲများသည် မိမိထက် (ပို၍)ကြီးလေးသောတာဝန်များကို ထမ်းဆောင်နေရသူများဖြစ်ကြောင်း အစဉ် အသိအမှတ်ပြုပါ၊
၅။ အကြီးအကဲများကို အရာရာ ယုံကြည်အားထားပါ၊
၆။ အကြီးအကဲများကို ယုံကြည်လေးစားပါ၊
၇။ အကြီးအကဲများအပေါ် တော်တည့် မှန်ကန်စွာ သစ္စာစောင့်သိပါ၊
၈။ ဆုံးမနာယူလွယ်ပါစေ၊
၉။ အကြီးအကဲများသည် ကျောသားရင်သား မခွဲခြားဘဲ အောက်လက်ငယ်သားတို့၏ အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်နေကြောင်း အမြဲသတိပြုပါ၊
၁၀။ မည်သည့်ကိစ္စမဆို အကြီးအကဲထံ အမှန်အတိုင်း ရဲရဲဝံ့ဝံ့ တင်ပြတတ်ပါစေ။

အောက်လက်ငယ်သားများအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ်(၁၀)ပါး

၁။ ငယ်သားများအပေါ် အစဉ်မျှတစွာ ကွပ်ကဲအုပ်ချုပ်ပါ၊
၂။ ငယ်သားများအား စံနမူနာကောင်းပြပါ၊
၃။ ငယ်သားများ၏တင်ပြချက်ကို အရေးတယူ မှတ်သားနားထောင်ပါ၊
၄။ ငယ်သားများအပေါ် အပြည့်အဝ ယုံကြည်ပါ၊
၅။ ငယ်သားများက မိမိအပေါ် ချစ်ကြောက်ရိုသေအောင် နေထိုင်ကျင့်သုံးပါ၊
၆။ ငယ်သားများထက် မိမိကပို၍ အနစ်နာခံပါ၊
၇။ ငယ်သားများအပေါ် အနိုင်မကျင့်မိစေရန် အမြဲသတိရှိပါ၊
၈။ ငယ်သားများနှင့် မကင်းကွာအောင် အမြဲနေထိုင်ဆက်ဆံပါ၊
၉။ ငယ်သားများအား ရဲဘော်ရဲဘက်အဖြစ် သဘောထားပါ၊
၁၀။ ငယ်သားများ၏ သက်သာချောင်ချိရေး၊ ပျော်ရွှင်ရေး၊ ကျန်းမာရေးနှင့် ကိုယ်ရေးကိုယ်တာကိစ္စရပ်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက် ပေးပါ။

ဖော်ပြပါ ကျင့်ဝတ်များ၊ ကျင့်စဉ်များ၊ လုပ်ငန်းများကို ရည်ရွယ်ချက်ရှိရှိ ကျင့်သုံးဆောင်ရွက်နေသော မီးသတ်ဦးစီးဌာန မီးသတ်တပ်ဖွဲ့ဝင်များသည် ပြည်သူများ မီးဘေးအန္တရာယ် ကျရောက်လျှင် သက်စွန့်ဆံဖျား တားဆီးကာကွယ်နိုင်စွမ်းရှိနေသောကြောင့် ပြည်သူများကလည်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မီးဘေးအန္တရာယ် လုံခြုံစိတ်ချရသည်အထိ အစဉ်ကြိုးပမ်းနေကြရပါမည်။

(ဃ)

မီးသတ်သမိုင်းကို လေ့လာလျှင် ပုဂံခေတ် အနော်ရထာမင်းတရားလက်ထက်ကပင် **‘သောသောညံ ပုဂံမီးဆော်မောင်း’**အဆိုအရ သော–၆၊ သော–၆၊ ညံ–၃၊ စုစုပေါင်း ၆၆၃ ဦးကို **‘မီးကပ်သား’**အဖြစ် တာဝန်ပေးခဲ့ကြောင်း၊ ထိုမှ မြန်မာမင်းအဆက်ဆက် လက်ထက်အဆင့်ဆင့်တို့၌လည်း မီးဘေးကာကွယ်ရေး အမိန့်ပြန်တမ်းအဖုံဖုံထုတ်ပြန်ကာ နိုင်ငံတော် မီးဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း လေ့လာသိရှိရ၏။

ထိုမှ ပထမဦးဆုံးသော ရန်ကုန်မြူနီစီပယ်မီးသတ်ကို ၁၈၈၅ ခုနှစ်တွင် တည်ထောင်ကြောင်း၊ ၁၉၃၂ ခုနှစ်တွင် စေတနာ့ဝန်ထမ်း မီးသတ်အဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ပြီး ၁၉၄၇ ခုနှစ်တွင် မီးဘေးတားဆီးရေးနှင့် မီးဘေးကာကွယ်ရေးကိစ္စရပ်များကို ဆောင်ရွက်ရန် မီးသတ်ညွှန်ကြားရေးဝန် ဦးဆောင်သော အရာထမ်း၊ အမှုထမ်း နှစ်ဆယ်တို့နှင့် ဖွဲ့စည်းကြောင်း၊ ၁၉၅၂ ခုနှစ် မတ်လ ၂၈ရက်နေ့တွင် မီးသတ်ဝန်းထမ်း အက်ဥပဒေအမှတ်(၆) ပြဋ္ဌာန်းလျက် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေဌာနခွဲ နိုင်ငံတော်အစိုးရမီးသတ်ဌာနအဖြစ် ဝန်ထမ်း ၆၃၆ ဦးတို့နှင့် ဖွဲ့စည်းခဲ့ကြောင်း လေ့လာသိရှိရသည်။

ယင်းနောက်၌ ၁၉၆၃ ခုနှစ်တွင် ပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့်အမှတ်(၅၅)အရ စည်းကမ်းသေဝပ်သော အဖွဲ့အစည်းတစ်ခုအဖြစ် မီးသတ်တပ်ဖွဲ့ဟူ၍ တပ်ဖွဲ့အသွင်ဖွဲ့စည်းကာ ၁၉၇၂ ခုနှစ်တွင် စနစ်သစ်အုပ်ချုပ်ရေး ဖော်ထုတ်မှုအစီအစဉ်အရ ဝန်ထမ်းအင်အား ၁၇၉၈ဦးအထိ တိုးချဲ့ဖွဲ့စည်းလျက် ၂၄ နာရီ တာဝန်ထမ်းဆောင်ရသော မီးသတ်တပ်ဖွဲ့ဖြစ်လာပြီး ၁၉၉၁ ခုနှစ်တွင် ဖွဲ့စည်းပုံကို ၂၅၈၁ ဦးအထိ အင်အားတိုးချဲ့ဖွဲ့စည်းခဲ့၏။ မူလ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးလက်အောက်မှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးလက်အောက်သို့ ပြောင်းရွှေ့ကာ မီးသတ်လုပ်ငန်းများ ကျယ်ကျယ် ပြန့်ပြန့် ထိထိရောက်ရောက် ဆောင်ရွက်လျက် ရှိ၏။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်အရ ၁၉၉၉ခုနှစ် မေလ ၁၆ရက်နေ့တွင် ပြင်ဦးလွင်မြို့၌ ဗဟိုမီးသတ်သင်တန်းကျောင်းကြီးကို ဖွင့်လှစ်ခဲ့ပြီး အခြေခံမီးသတ်သင်တန်း၊ တန်းမြင့်မီးသတ်ပညာသင်တန်း၊ အဆင့်မြင့်မီးသတ်ပညာသင်တန်း၊ မီးသတ်အရာရှိသင်တန်း၊ အဆင့်မြင့် မီးသတ်အရာရှိသင်တန်း၊ အသက်ကယ်သင်တန်းများကို စဉ်ဆက်မပြတ် သင်ကြားပေးနေပြီဖြစ်၏။

ယနေ့ မီးသတ်တပ်ဖွဲ့သည် မနေ့က မီးသတ်တပ်ဖွဲ့မဟုတ်တော့ချေ။

(င)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန မီးသတ်တပ်ဖွဲ့သည် အနေအထားကောင်းသို့ ရောက်ရှိတည်ဖြစ်လျက်ရှိရာဝယ် အချို့သောသူများ၏ မမှန်သောအမြင်မျိုး၊ မလျော်ကန်သော အပြောမျိုးကို ကြုံးကြားကြုံးကြားအမြင်ခံ၊ အပြောခံနေရခြင်းများကား ရှိနေသေး၏

- မီးသတ်နည်းပညာအရ ရေပက်သင့်သောအိမ်ကို ရေပက်ပေးနေခိုက် အရပ်သားများအမြင်အရ ရေပက်စေချင်သောအိမ်ကို ပက်မပေးရကောင်းလားဟု ထင်ရာမြင်ရာ ပြောဆိုမှုများ၊ အချို့နေရာများ၌ လူအုပ်ဖြင့် မီးသတ်ကားပေါ်တက်ပြီး တာဝန်ရှိသူလက်ထဲမှ ရေပိုက်ကို အတင်းလုယူရန် ကြိုးပမ်းမှုများ။
- ငါးပုံလေးပုံလောင်ကျွမ်းပြီးဖြစ်သော မီးလောင်အိမ်မှမီးကို ရေမဖျန်း မငြိမ်းသတ်တော့ဘဲ အနီးရှိ မီးထတောက်တောက်တော့မည့် အိမ်ကိုသာ မီးသတ်နည်းပညာအရ ကြိုတင်ကာကွယ်သောအားဖြင့် ပိုက်ရေပက်ဖျန်းပေးရသော အခြေအနေမျိုးဝယ် အရပ်သားအမြင်ဖြင့် မီးလောင်အိမ် ရေမပက်ဘဲ မီးမလောင်အိမ်ရေပက်ရကောင်းလားဟု မကျေမနပ်ပြောဆိုမှုများ။
- မီးလောင်နေသည်ကို တိုးဝှေ့ကြည့်နေကြသည့် ခြေချင်းလိမ် လူအုပ်ကြီးကြောင့် မီးသတ်ယာဉ်များ မီးလောင်ရာအနီးသို့ မမောင်းနှင် မဝင်ရောက်နိုင်တော့သဖြင့် မီးငြိမ်းသတ်ရန် နှောင့်နှေးကြန့်ကြာရမှုများ။
- မီးလောင်ရာသို့ ရေအပြည့်ပါ မီးသတ်ကားတစ်စီး မောင်းနှင်ဝင်ရောက်လာပြီး ရေဖျန်းပက်ရင်း ရေစည်ထဲမှရေကုန်သောအခါ နောက်ပြန်လှည့်ကာ ရေရှိရာနေရာသို့ ရေပြန်စုပ်ယူရန် ဆောင်ရွက်စဉ် ဒီမီးသတ်ကားက ရေအကုန်မပက်ဘဲ ပြန်လှည့်ရသလားဟုလည်းကောင်း၊ ရေနည်းနည်းလေးထည့်လာပြီး လာပက်ရသလားဟုလည်းကောင်း ထင်ရာမြင်ရာ ပြောဆိုမှုများ။

ယင်း များ–––များ––တို့ကား မီးသတ်နည်းပညာ၊ မီးသတ်တပ်ဖွဲ့၏ စေတနာကို ပိုင်းပိုင်းခြားခြား နားမလည်ကြဘဲ၊ နားလည်နိုင်အောင်လည်း မကြိုးစားကြဘဲ အရပ်အမြင်ဖြင့် ထင်ရာမြင်ရာ ထန်ရာသန်ရာ ပြောဆိုပြုမူခြင်းမျှသာဖြစ်နေသောကြောင့် ယင်းများ–––များ တို့ကို ရှောင်ကြဉ်အပ်ကြပါကုန်၏။

ပြည်သူများအနေဖြင့် မီးဘေးအန္တရာယ်ကို အစဉ်သတိရှိကြကုန်လျက် မီးချိတ်၊ မီးကပ်စသည် အသင့်ဆောင်ထားခြင်း၊ တတ်နိုင်သမျှ ရေစုဆောင်းထားရှိခြင်း၊ ထင်းစသည့် လောင်စာတို့ကို စနစ်တကျထားရှိခြင်း၊ မီးဘေးအန္တရာယ် ဖြစ်ပွားပါက ဖြစ်လျှင်ဖြစ်ချင်း ပွားမလာအောင် ဂုန်နီအိတ်ရေစိုဖြင့် ငြိမ်းသတ်ရင်း မီးသတ်တပ်ဖွဲ့သို့ ချက်ချင်းအကြောင်းကြားခြင်း၊ မီးသတ်ယာဉ်ရောက်ရှိလာပါက အတတ်နိုင်ဆုံး ကူညီပေးခြင်းတို့ဖြင့် ဝိုင်းဝန်းပံ့ပိုးကြရပါမည်။

သို့ဖြင့် ပြည်သူနှင့်မီးသတ်တပ်ဖွဲ့သားများ ရင်ချင်းအပ် မေတ္တာတရားထာဝစဉ်ထားရှိကြကုန်လျက် မီးဘေးရှောင် မလောင်ခင်တားနိုင်ဖို့ အသိတရားရှိရှိ ကြိုတင်ကာကွယ်ခြင်းဖြင့်လည်းကောင်း၊ အကယ်၍ မီးဘေးအန္တရာယ် ဖြစ်ပွားလာပါလျှင်လည်း မီးသတ်တပ်ဖွဲ့ ဦးဆောင်မှုအောက်ဝယ် အသိတရားရှိရှိ ပူးပေါင်းကူညီခြင်းဖြင့်လည်းကောင်း၊ **‘ပြည်သူနှင့်မီးသတ် ရင်ချင်းအပ် ငြိမ်းသတ် ကာကွယ် မီးအန္တရာယ်’**ဟူ၍ အက္ခရာသစ် ကမ္ဗည်းသစ် ထုဆစ်အပ်ကြပါကုန်သတည်း။ ။

❐ *ကျောဖုံးမှ*

ရှေးဦးစွာ တည်ဆောက်ရေးရှင်းလင်းဆောင်၌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က တောင်ငူတက္ကသိုလ်၏နောက်ခံသမိုင်း၊ ဖွင့်လှစ်ထားသောသင်တန်းများ၊ သင်ကြားပို့ချသော အထူးပြုဘာသာရပ်များ၊ ကျောင်းသားဦးရေ၊ IT ခန်းများ၌ ကွန်ပျူတာ ၁၀၆ လုံး အသုံးပြုသင်ကြားနေမှု၊ ဝန်ထမ်းဖွဲ့စည်းမှုနှင့် ခန့်ထားပြီး အင်အား၊ တည်ဆောက်ရေးလုပ်ငန်းများ အပါအဝင် သင်ကြားစီမံကိန်းစွရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ခံအင်ဂျင်နီယာ ဦးဦးစောသိန်းက တောင်ငူတက္ကသိုလ်၌ စာသင်ဆောင်များ၊ စာသင်ခန်းမ၊ ရှင်းလင်းဆောင်၊ အပန်းဖြေရိပ်သာ၊ စားသောက်ဆိုင်တည်ဆောက်ပြီးစီးနေမှု၊ ကားရပ်နားစခန်း၊ လမ်းတံတားလုပ်ငန်းများ၊ ရေ၊ မီးရရှိရေးဆောင်ရွက်ထားမှု၊ ကျောင်းသား ၃၀၀ဆံ့ စာသင်ဆောင်နှစ်ဆောင် တည်ဆောက်ရန် ဆောင်ရွက်ထားမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီးဒေါ်မြင့်မြင့်သန်းနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် သားဖွားဆောင်၊ ခွဲစိတ်ဆောင်၊ အထူးကြပ်မတ်ကုသဆောင်၊ ခွဲစိတ်ခန်း၊ အရိုးအဆစ်နှင့် ထိခိုက်ဒဏ်ရာကုသဆောင်၊ ကလေးဆေးကုသဆောင်နှင့် ပြင်ပလူနာနှင့် အရေးပေါ်ဌာနတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ပဲခူးတိုင်း တောင်ငူခရိုင်နှင့် မြို့နယ်များမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ပဲခူးတိုင်း၏တည်နေရာနှင့်အကျယ်အဝန်း၊ လူဦးရေ၊ မြေအသုံးချမှုနှင့် စိုက်ပျိုးမြေဧက၊ မိုးရွာသွန်းမှုအခြေအနေ၊၂၀၀၃-၂၀၀၄ ခုနှစ် မိုးစပါးစိုက်ဧက၊ နွေစပါးစိုက်ဧက၊ ပဲမျိုးစုံစိုက်ပျိုးနိုင်မှု၊ ဆီထွက်သီးနှံစိုက်ပျိုးနိုင်မှု၊ တိုင်းအတွင်း ဝမ်းစာဖူလုံမှု၊ ဆီဖူလုံမှုအခြေအနေ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းဆောင်ရွက်ထားမှု၊ တိုင်းအတွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုး၊ တောင်ငူမြို့ စည်ပင်သာယာနယ်နိမိတ်တိုးချဲ့ရန် စီစဉ်ဆောင်ရွက်ထားမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရေတာရှည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သန်း၊ တောင်ငူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန့်စင်၊ ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်နိုင်ဦး၊ အုတ်တွင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေစန်း၊ ဖြူးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ခင်၊ ကျောက်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဝမ်းနှင့် သံတောင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးတို့က မိမိတို့မြို့နယ်၏တည်နေရာနှင့် အကျယ်အဝန်း၊ လူဦးရေ၊ မြေအသုံးချမှုနှင့်မိုးရွာသွန်းမှု၊ နွေစပါး မိုးစပါး စိုက်ပျိုးနိုင်မှု၊ ဆီထွက်သီးနှံနှင့် ပဲအမျိုးမျိုးစိုက်ပျိုးနိုင်မှု၊စက်မှုသီးနှံနှင့် နှစ်ရှည်သီးနှံစိုက်ပျိုးနိုင်မှုအပါအဝင် အဓိကသီးနှံစိုက်ပျိုးနိုင်မှု၊ ဒေသဝမ်းစာ ဆန်နှင့် ဆီဖူလုံမှုအခြေအနေ၊ စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်မှု၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်း၊ လမ်းတံတားလုပ်ငန်းများဆောင်ရွက်မှုအခြေအနေနှင့် လုပ်ငန်းလိုအပ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ သစ်တောထိန်းသိမ်းကာကွယ်ရေး၊ ပျိုးထောင်ရေး၊ လမ်းတံတားလုပ်ငန်းနှင့် မြို့စည်ပင်သာယာရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို မေးမြန်းကာ ဖြည့်ဆည်းပေးသင့်သည်များကို ဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာတွင် ပဲခူးတိုင်း တောင်ငူခရိုင်အတွင်းရှိ မြို့နယ်ဒေသများ၏ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ယခုအခမ်းအနားတွင် ဆွေးနွေးတင်ပြသည့် လိုအပ်ချက်အားလုံးလိုလိုကို ဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီး၏နယ်မြေဒေသအစိတ်အပိုင်းများအားလုံးကို မည်သည့်နေရာဒေသကိုမျှ လျစ်လျူရှုမထားဘဲ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များဖော်ထုတ်ပံ့ပိုးကူညီပေးမည်ဆိုသော သဘောထားနှင့်အညီ ယခုကဲ့သို့ နယ်မြေဒေသအသီးသီးသို့ ကိုယ်တိုင်သွားရောက်ပြီး ဖြည့်ဆည်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ပဲခူးတိုင်းသည် ဧရာဝတီတိုင်းပြီးလျှင် နိုင်ငံတော်အတွက် ဒုတိယစပါးကျီဖြစ်စေရမည်ဟု နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်ခဲ့သည်နှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် ပဲခူးတိုင်း၏ စိုက်ပျိုးရေးကဏ္ဍတိုးတက်ဖြစ်ထွန်းရေးအတွက် လိုအပ်သည်များ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပဲခူးတိုင်းသည် မြေဧရိယာကျယ်ပြန့်သလို စိုက်ပျိုးဖြစ်ထွန်းနိုင်သည့်မြေများစွာရှိပါလျက် စိုက်ပျိုးရေ လိုအပ်သဖြင့်သော်လည်းကောင်း၊ ရေကြီးရေနက်ကွင်းများဖြစ်ပေါ်၍သော်လည်းကောင်း၊ စိုက်ပျိုးလုပ်ကိုင်နိုင်သည့် အခြေအနေ၊ အခွင့်အလမ်းများ နည်းပါးခဲ့ကြောင်း။

သို့ဖြစ်၍ နိုင်ငံတော်အစိုးရအနေဖြင့် ပဲခူးတိုင်းအတွင်း ပဲခူးတိုင်းအရှေ့ခြမ်းမှာရော အနောက်ခြမ်းမှာပါ ရေမြေသဘာဝလိုအပ်ချက်အရ ဆည်မြောင်းတာတမံများ၊ ရေထိန်းတံခါးကြီးများ၊ မြစ်ရေတင်စီမံကိန်းများကို နိုင်ငံတော်ဘဏ္ဍာငွေအမြောက်အမြားအကုန်အကျခံ၍ လက်ယှက်ထိုး တည်ဆောက်ပေးခဲ့ကြောင်း။

စီမံကိန်း ၅၇ ခု

ယခုဆိုလျှင် ပဲခူးတိုင်းအတွင်း ရေလှောင်တမံ ၂၈ ခု၊ ရေထိန်းတမံတစ်ခု၊ ရေလွှဲဆည် လေးခု၊ ရေထိန်းတံခါး လေးခုနှင့် မြစ်ရေတင်စီမံကိန်း ၅၇ ခု တည်ဆောက်ပေးခဲ့ပြီဖြစ်ကြောင်း။

ထို့အပြင် လက်ရှိတည်ဆောက်ဆဲ ရေလှောင်တမံလေးခုနှင့် ရေထိန်းတံခါးတစ်ခုတို့ရှိနေပြီး ရေလှောင်တမံရှစ်ခုနှင့် မြစ်ရေတင်စီမံကိန်း ၄၂ခုတို့ကို ဆက်လက်တည်ဆောက်သွားရန် စီစဉ်ထားပြီးဖြစ်ကြောင်း။

ယခုပင်လျှင် ပဲခူးတိုင်းအတွင်း ဆည်မြောင်းတာတမံများ လက်ယှက်ထိုးပေါ်ထွန်းလာခဲ့ပြီး ဝေဟင်မှကြည့်လျှင် ဆည်မြောင်းတာတမံများ တစ်ခုနှင့်တစ်ခု တစ်ဆက်တစ်စပ်တည်းဖြစ်ထွန်းနေပြီဖြစ်သည်ကို တွေ့နိုင်ကြောင်း။

ပဲခူးတိုင်းကို နိုင်ငံတော်၏ဒုတိယစပါးကျီဖြစ်စေရမည်ဆိုသည့် မျှော်မှန်းချက် ပြည့်မြောက်ရေးအတွက် နိုင်ငံတော်အစိုးရက လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးနေသည်ဖြစ်ရာ ဒေသအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့်ဌာနဆိုင်ရာ အကြီးအကဲများကလည်း နိုင်ငံတော်၏ရည်မှန်းချက်များကို နားလည်သဘောပေါက်ပြီး အောင်မြင်ဖြစ်ထွန်းအောင် ဝါယမစိုက်ထုတ်ကြိုးပမ်းဆောင်ရွက်ကြဖို့လိုကြောင်း။

ပဲခူးတိုင်းအတွင်း စိုက်ဧကတိုးချဲ့ခြင်း၊ သီးနှံအထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်ခြင်းလုပ်ငန်းများသာမက အမျိုးသားစီးပွားရေးစီမံကိန်းများ အောင်မြင်ဖြစ်ထွန်းရေးမှာ ပဓာနကျသည့် မြေယာနှင့် စိုက်ပျိုးရေးဆိုင်ရာကိန်းဂဏန်းများတိကျမှန်ကန်စေရအောင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာနတို့က စနစ်တကျနှင့်မှန်ကန်တက်ကြွစွာ စေတနာထားကြိုးပမ်းဆောင်ရွက်ကြဖို့ မှာကြားလိုကြောင်း။

ယခုအခါတွင် ပဲခူးရိုးမမှစီးဆင်းလာသည့် ချောင်းများ မြောင်းများမှာ သဲနုန်းများဖြင့်တိမ်ကောပြီး မိုးအခါတွင် ရန်ကုန်-မန္တလေးလမ်းမကြီးပေါ် ရေလျှံပျက်စီးမှုများ ဖြစ်ပေါ်စေလျက်ရှိသည်ကိုလည်း လိုအပ်သလို ပြုပြင်ဆောင်ရွက်ဖို့လိုကြောင်း။

ပဲခူးရိုးမပေါ်၌ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း၊ တောမီးလောင်ခြင်းတို့ကြောင့် မြေလွှာပျက်စီးမှုဖြစ်ပေါ်ပြီး ချောင်းမြောင်းများအတွင်း သဲနုန်းများစီးဝင်ခြင်းဖြစ်ရာ ရွှေ့ပြောင်းတောင်ယာသစ်အစား ကုန်းမြင့်လယ်ယာစနစ်ဖြစ်ထွန်းလာစေရန် နိုင်ငံတော်အစိုးရက အားပေးဆောင်ရွက်လျက်ရှိကြောင်း။

သို့ဖြစ်၍ ပဲခူးရိုးမတစ်လျှောက် သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှုများ မဖြစ်ပေါ်စေရေးအတွက် ကုန်းမြင့်လယ်ယာစနစ် ပီပီပြင်ပြင် ဖြစ်ထွန်းလာစေရေး၊ ကျွန်းစိုက်ခင်းများ၊ သစ်တောစိုက်ခင်းများ ထူထောင်ပြီး တောပြုန်းတီးမှုထိရောက်စွာကာကွယ်တားဆီးရေး၊ ငှက်ပျောခင်းများအကြား ကျွန်းပင်များကြားညှပ်စိုက်ပျိုးရေးတို့ကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ ဆောင်ရွက်သွားကြဖို့ မှာကြားလိုကြောင်း။

ဒေသအတွင်း လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်ရေးအတွက် ရန်ကုန်-မန္တလေး ကားလမ်းမကြီးအပါအဝင် မြို့ချင်းဆက်လမ်းများ၊ မြို့တွင်းလမ်းများ၊ မြို့နှင့်ကျေးရွာဆက်လမ်းများ၊ ကျေးရွာချင်းဆက်လမ်းများကို စနစ်တကျ စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ကြဖို့လည်း လိုအပ်ကြောင်း။

စည်းလုံးညီညွတ်စွာ

ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးတွင် မြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေးသည် အခြေခံအကျဆုံးဖြစ်ရာ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းလုံးညီညွတ်စွာ ညှိနှိုင်းပေါင်းစပ်ပြီး စုပေါင်းဦးဆောင်မှု၊ စုပေါင်းတာဝန်ယူမှု၊ စုပေါင်းဆောင်ရွက်မှုတို့ဖြင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြဖို့ မှာကြားလိုကြောင်း။

မိမိတို့မြို့နယ်အတွင်း ဖွဲ့စည်းတည်ထောင်ထားသော စေတနာ့ဝန်ထမ်းလူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းပါဝင်မှုစွမ်းအားကိုရယူပြီး မိမိမြို့နယ်၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူ့အားကို ထိုက်တန်အကျိုးရှိစွာ အသုံးချကြဖို့ လိုအပ်သကဲ့သို့ ယင်းစေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် စွမ်းဆောင်ရည်ထက်မြက်ရေးတို့အတွက် ဌာနဆိုင်ရာများဘက်က ပံ့ပိုးဆောင်ရွက်ဖွယ်များကိုလည်း ပံ့ပိုးဆောင်ရွက်ပေးကြရမှာဖြစ်ကြောင်း။

ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် အခြေခံဒေသများဖြစ်သော ကျေးလက်ဒေသများအထိဆင်းပြီး ကျေးလက်နေပြည်သူများ၏ ရပ်ရွာဒေသဖွံ့ဖြိုးရေး၊ လူနေမှုဘဝအဆင့်အတန်းမြင့်မားရေး လိုအပ်ချက်များကို ကိုယ်တိုင်သိရှိပြီး ဖြည့်ဆည်းဆောင်ရွက်ပေးကြရန် လိုကြောင်း။

နိုင်ငံတော်အစိုးရက ကျေးလက်ဒေသများ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ အခြေခံဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးနှင့် ကျေးလက်နေပြည်သူများ လူနေမှုဘဝအဆင့်အတန်းတိုးတက်မြင့်မားစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးငါးရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီးငါးရပ်ဟုဆိုသော်လည်း ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍတစ်ခုချင်းတွင် နိုင်ငံတော်ကချမှတ်ဆောင်ရွက်နေသည့် စီမံကိန်းများ၊ စီမံချက်များလည်း များစွာရှိနေသေးကြောင်း။

ထို့ပြင် ကျေးလက်နေပြည်သူများ၏ လက်တွေ့ဘဝလိုအပ်ချက်နှင့်အညီ မိမိတို့ဒေသအလိုက် ပံ့ပိုးကူညီဆောင်ရွက်ပေးဖွယ်လုပ်ငန်းများလည်း များစွာရှိနေဦးမှာဖြစ်ကြောင်း။

တက်ညီလက်ညီကြိုးပမ်း

သို့ဖြစ်၍ မြို့နယ်အဆင့်တာဝန်ရှိသူများအနေဖြင့် မိမိမြို့နယ်၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသအတွင်းမှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား ပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်းတိုးတက်မြင့်မားရေးတို့အတွက် ဗဟိုကချမှတ်ပေးသည့်အစီအမံများ၊ ဒေသအလိုက်ဆောင်ရွက်ရမည့်လုပ်ငန်းများ အောင်မြင်အကောင်အထည်ပေါ်စေရအောင် ဒေသခံပြည်သူများနှင့်တကွ စေတနာ့ဝန်ထမ်း၊ လူမှုရေးအသင်းအဖွဲ့များ၏ပူးပေါင်းပါဝင်မှုအားကို ရယူကာ တာဝန်နှင့်စေတနာ ပေါင်းစပ်ပြီး တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တောင်ငူလေဆိပ်သို့ရောက်ရှိကြပြီး ဆက်လက်ထွက်ခွာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ဘော်ဘင်ရေလှောင်တမံ

ဘော်ဘင်ရေလှောင်တမံသည် မြေသားတမံ အမျိုးအစားဖြစ်သည်။ ပင်မတမံနှင့် ရေကူတမံ တိုးချဲ့ တည်ဆောက်ထားသည်။ ပင်မတမံသည် ကြို့ပင်ကောက်မြို့နယ် သရက်ချောင်းပေါ်တွင် တည်ရှိသည်။ ရေကူတမံသည် ဇီးကုန်းမြို့နယ် ဘော်ဘင်ချောင်းပေါ်တွင် တည်ရှိသည်။ ကုန်ကျငွေ ကျပ်သန်းပေါင်း ၂၀၆၃ ဒသမ ၃၇ သန်းဖြစ်ပြီး လယ်မြေဧက ၃၀၀၀၀ ကို စိုက်ပျိုးရေ ပေးဝေလျက်ရှိသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ ခုနှစ်
ကဆုန်လပြည့်ကျော် ၇ ရက်
(အဖိတ်နေ့)
၁၀-၅-၂၀၀၄
(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓမ္မာဗေဒအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ အကပြိုင်ပွဲ
၈:၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၁၅ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၂၅ ၈။ ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးတံတား
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Let's Go
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Practice in Reading
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)
၁၇:၁၅ ၆။ လက်ဆင့်ကမ်းပေးဂီတတေး
၁၇:၂၅ ၇။ အကပဒေသာ
၁၇:၄၀ ၈။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၁၇:၅၀ ၉။ ချောင်းမကြီး(မြို့လှ) ရေလှောင်တမံ(ပဲခူးတိုင်း)
၁၈:၀၀ ၁၀။ တေးသရုပ်ဖော်အစီအစဉ်
၁၈:၁၀ ၁၁။ မြန်မာ့ရိုးရာ တောခလေ့ကျေးလက်တေးသံများ
၁၈:၂၀ ၁၂။ Discovery.
၁၈:၃၀ ၁၃။ ညနေခင်းသတင်း
၁၉:၀၀ ၁၄။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၅။ ယဉ်ကျေးမှုအနုလက်ရာစုံစွာ ဘုရားအာနန္ဒာ
၁၉:၁၅ ၁၆။ တေးဂီတအစီအစဉ်
၁၉:၃၀ ၁၇။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ" အပိုင်း(၃၂)**
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နောင်တော်ကြီးစေတီ ရွှေထီးတော်တင်လှူပူဇော် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်များကို အမွှေးနံ့သာရည်ပက်ဖျန်းရောင်တော်ဖွင့်

ရန်ကုန် မေ ၉

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ တပ်မတော်လေယာဉ်ဖြင့်ထွက်ခွာကြရာ ပဲခူးတိုင်း တောင်ငူလေဆိပ်သို့ နံနက် ၈ နာရီတွင် ရောက်ရှိကြသည်။



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ၊ ပရိသတ်များက ပဲခူးတိုင်း တောင်ငူမြို့ ရေးဟောင်းသမိုင်းဝင် မြတ်စောညီနောင်ဘုရား နောင်တော်ကြီးစေတီ ရွှေထီးတော် တင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားတွင် ထီးတော်ဘုံဆင့်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို ရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကိုကို၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်အောင်မင်း၊ ဒုတိယဝန်ကြီးဦးဖေသန်းနှင့် စစ်ဘက် နယ်ဘက်မှ အရာရှိများက ကြိုဆိုကြသည်။

ရွှေထီးတော်တင်လှူ

ပဲခူးတိုင်း တောင်ငူမြို့ ရေးဟောင်းသမိုင်းဝင် မြတ်စောညီနောင်ဘုရား နောင်တော်ကြီးစေတီ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံဆင့်နှင့် အရံစေတီတော်များ ရွှေထီးတော်တင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို နံနက်၉နာရီတွင်အဆိုပါစေတီ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ရွှေထီးတော်တင်လှူပူဇော်သည်။

ပူဇော်ကြည်ညို

မဟာမင်္ဂလာ အခမ်းအနားသို့ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် တောင်ငူမြို့ မြစည်းခုံစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍာဝံသ၊မြတ်စောညီနောင်စေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယရန်ကုန်ကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တသီလဝံသအမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များ၊ ဒေသခံပြည်သူများနှင့် ဘုရားဖူးများ တက်ရောက်ပူဇော် ကြည်ညိုကြသည်။

မဟာမင်္ဂလာအခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာနမှ ဦးစံသင်းလှိုင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ မင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ကိုးပါးသီလခံယူ

ထို့နောက် မြတ်စောညီနောင်စေတီတော် ဂေါပကအဖွဲ့၏ဩဝါဒါစရိယရန်ကုန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သီလဝံသထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်သဲ၊ ပရိတ်ချည်တို့ကို ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ရေ၊ပရိတ်ပန်း၊ပရိတ်သဲ၊ ပရိတ်ချည်တို့ယူဆောင်၍ စေတီတော်ကြီး၏ ပရဝဏ်အတွင်း ပက်ဖျန်းချည်နှောင်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နောင်တော်ကြီးစေတီတော်အား ရည်မှန်း၍ စိန်ဖူးတော်နှင့်ငှက်မြတ်နားတော်တို့ကိုလည်းကောင်း၊ လှူဖွယ်ပစ္စည်းများကိုလည်းကောင်း မြတ်စောညီနောင် စေတီတော် ဂေါပကအဖွဲ့၏ဩဝါဒါစရိယ ရန်ကုန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသီလဝံသထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးဗိုလ်ချုပ်ကိုကိုနှင့် ဝန်ကြီးများနှင့် အလှူရှင်များက ဆရာတော်သံဃာတော်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ငွေလှူဒါန်း

ထို့နောက် ရေးဟောင်းသမိုင်းဝင် မြတ်စောညီနောင် ညီတော်စေတီတော် ဘက်စုံပြုပြင်ရန်အတွက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ကိုကို က အများစုပေါင်းလှူဒါန်းငွေ ၅၂၄၈၀၆၅၇ ကျပ်ကို လည်းကောင်း၊ သမဝါယမဘဏ် ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့်ဇနီး ဒေါ်ဝတ်ရည်အေးတို့က လှူဒါန်းငွေ ကျပ်သိန်း၃၀၀ကိုလည်းကောင်း၊ အဂ္ဂမဟာသီရိသုဓမ္မသီရိ ရွှေနှင်းဆီ ဒေါ်အုန်းခင်က လှူဒါန်းငွေကျပ် သိန်း ၁၀၀ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လက်ခံသည်။

စာမျက်နှာ ၁၃ ကော်လံ ၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပဲခူးတိုင်း တောင်ငူမြို့ ရေးဟောင်းသမိုင်းဝင် မြတ်စောညီနောင်ဘုရား နောင်တော်ကြီးစေတီ ရွှေထီးတော် တင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားတွင် မြတ်စောညီနောင်ညီတော်စေတီတော် ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အဂ္ဂမဟာသီရိသုဓမ္မသီရိ ရွှေနှင်းဆီဒေါ်အုန်းခင် လှူဒါန်းသည့် ငွေကျပ် သိန်း ၁၀၀ ကို လက်ခံယူစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပဲခူးတိုင်း တောင်ငူမြို့ ရေးဟောင်းသမိုင်းဝင် မြတ်စောညီနောင်ဘုရား နောင်တော်ကြီးစေတီ ရွှေထီးတော်တင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားတွင် မြတ်စောညီနောင်ညီတော်စေတီတော် ဘက်စုံပြုပြင်မွမ်းမံရန်အတွက် သမဝါယမဘဏ်ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် ဇနီး ဒေါ်ဝတ်ရည်အေးတို့လှူဒါန်းသည့် ငွေကျပ် သိန်း ၃၀၀ ကို လက်ခံယူစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပဲခူးတိုင်း တောင်ငူမြို့ ရွှေဟောင်းသမိုင်းဝင် မြတ်စောညီနောင်ဘုရား နောင်တော်ကြီးစေတီ ရွှေထီးတော်တင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားတွင် နောင်တော်ကြီးစေတီတော်အား ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်ကို တင်လှူပူဇော်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပဲခူးတိုင်း တောင်ငူမြို့ ရွှေဟောင်းသမိုင်းဝင် မြတ်စောညီနောင်ဘုရား နောင်တော်ကြီးစေတီ ရွှေထီးတော်တင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားတွင် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



စာမျက်နှာ ၁၂ မှ

မြတ်စောညီနောင် စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရေး ရရှိအလှူတော်ငွေစုစုပေါင်းမှာ ၉၂၄၈၀၆၅၇ ကျပ်ဖြစ်ပြီး သုံးစွဲကုန်ကျငွေစုစုပေါင်းမှာ ကျပ်၆၃၇၁၇၁၁၀ဖြစ်၍ လက်ကျန်ငွေ ၂၈၇၆၃၅၄၇ကျပ်ဖြစ်သည်။ ဆက်လက်၍ ညီတော်စေတီတော် ဘက်စုံပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ရေစက်သွန်းချအမျှဝေ

ထို့နောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် တောင်ငူမြို့ မြစည်းခုံ စာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍာဝံသက အနုမောဒနာတရား ဟောကြားတော်မူပြီး နိုင်ငံတော်ဝန်ကြီး ချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ဝင် များနှင့်အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ ရွှေထီးတော်တင်လှူပူဇော်ခြင်းအစီအစဉ်ကိုကျင်းပသည်။

လှည့်လည်အပူဇော်ခံ

ရှေးဦးစွာ သာသနာ့အလံကိုင်အဖွဲ့ဦးဆောင်ကာ ဒေဝါဝင်း ရာဇာဝင်းခင်း၍ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်ဘုံဆင့်နှင့်အရံစေတီတော်များကို နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဥပါသကာတို့က မင်္ဂလာမဏ္ဍပ်မှပင့်ဆောင်ကြပြီးစေတီတော်ကြီးအားလှည့်လည်အပူဇော်ခံသည်။

အစီအစဉ်အရ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့်ဥပါသကာများက စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်ဘုံဆင့်များကို တပ်မတော်(လေ)မြလေယာဉ်ကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့၏ ရထားပျံမဏ္ဍပ်သို့ပင့်ဆောင်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ဝင်များသည် နောင်တော်ကြီးစေတီတော်၌ တင်လှူပူဇော်ရန် ရွှေထီးတော်ဘုံဆင့်၊ ငှက်မြတ်နားတော်နှင့်စိန်ဖူးတော်တို့ကို မင်္ဂလာရထားပျံပေါ်သို့ ပင့်ဆောင်ကြပြီးအမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ထိုအချိန်တွင် သာသနာရေးဝန်ကြီးဌာနမှ ဦးစံသင်းလှိုင်က စေတီတော်ကြီးအား ထီးတော်တင်လှူပူဇော်ခွင့်ပြုပါရန်ပန်ကြားလျှောက်ထားသည်။

အထွတ်သို့ပင့်ဆောင်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ဝင်များနှင့်အလှူရှင်များက ထီးတော်ဘုံဆင့်၊ ငှက်မြတ်နားတော်နှင့်စိန်ဖူးတော်တို့ကို မြလေယာဉ်ရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ကြသည်။

ထိုအချိန်တွင် မင်္ဂလာစည်တော်အဖွဲ့က မင်္ဂလာအေးရေကင်းသံများ၊ မင်္ဂလာစည်တော်သံများကို တီးမှုတ်ပူဇော်ကြသည်။

ယင်းနောက် ဥပါသကာများက စေတီတော်အား ရွှေထီးတော်ဘုံဆင့်များကို တင်လှူပူဇော်ကြသည်။

ရောင်တော်ဖွင့်

မင်္ဂလာအချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စေတီတော်ငြမ်းအထက်သို့ တက်ရောက်ပြီး နောင်တော်ကြီးစေတီတော်အား ငှက်မြတ်နားတော်နှင့်စိန်ဖူးတော်တို့ကိုတင်လှူပူဇော်သည်။ ယင်းနောက် ရွှေထီးတော်ဘုံဆင့်၊ ငှက်မြတ်နားတော်နှင့်စိန်ဖူးတော်တို့ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်း၍ ရောင်တော်ဖွင့်ပူဇော်သည်။

ထိုအချိန်တွင် သာသနာရေးဝန်ကြီးဌာနမှ ဦးစံသင်းလှိုင်က ဇယမင်္ဂလာဗောဓိယာမူလေ အစချီသော ဂါထာဖြင့် ရွတ်ဆိုပူဇော်သည်။

ဆက်လက်၍ အလှူရှင်များ၊ ဥပါသကာများက အရံစေတီများကို ထီးတော်တင်လှူပူဇော်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပဲခူးတိုင်း တောင်ငူမြို့ ရွှေဟောင်းသမိုင်းဝင် မြတ်စောညီနောင်ဘုရား နောင်တော်ကြီးစေတီ ရွှေထီးတော်တင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားတွင် မြတ်စောညီနောင်စေတီတော် ဘက်စုံပြုပြင်မွမ်းမံရန်အတွက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက အများစုပေါင်းလှူဒါန်းငွေ ၅၂၄၈၀၆၅၇ ကျပ်ကို ပေးအပ်လှူဒါန်းရာ လက်ခံယူစဉ်။ (သတင်းစဉ်)

ယင်းနောက် သာသနာရေးဝန်ကြီးဌာနမှ ဦးစံသင်းလှိုင်က ၃၁ဘုံသားတို့အား အမျှပေးဝေပြီး မဟာမင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ပူဇော်ကြည်ညို

မဟာမင်္ဂလာအခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကန်တော်ထုးစေတီနှင့် ရဟန္တာသိမ်တို့ကို သွားရောက်၍ ဗုဒ္ဓရုပ်ပွားတော်များကို ပူဇော်ကြည်ညိုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မြတ်စောညီနောင်ဘုရား ညီတော်စေတီတော်အား သွားရောက်ဖူးမြော်ကြသည်။ **(သတင်းစဉ်)**

မီး

သတိပြုပါ

မြဝတီရုပ်မြင်သံကြား

၁၀–၅–၂၀၀၄
(တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ ဆို၊က၊ရေး၊တီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၀ ၆။ ဆို၊က၊ရေး၊တီး ပြိုင်ပွဲအစီအစဉ်
၄း၄၀ ၇။ မျိုးချစ်တပ်မတော်
၄း၅၀ ၈။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Measure of Dispersion (စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွား)
၅း၃၀၁၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ မြန်မာ့ရှုခင်း
၆း၃၅ ၁၆။ လျှပ်တစ်ပြက်
၆း၄၅ ၁၇။ မေးမြန်းစူးစမ်း
၇း၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဘဏ်ကျယ်လေး"** (အပိုင်း–၁၉)
၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပြည်သူ့တရားရှင်"** **မိခင်သစ္စာ** (အပိုင်း–၅)

မေ ၉ ရက်က မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မအူပင်မြို့နယ် မီးသွေးချောင်းကျေးရွာအုပ်စု မအူပင် ဆားမလောက် ကားလမ်းဘေးရှိ တိုင်းရင်းသားပုဂ္ဂလိက မွေးမြူရေးလုပ်ငန်းရှင်များ ငါးမွေးမြူရေးကန်များတူးဖော်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်း–၉) (သတင်းစဉ်)

10-5 (13).p65 1 03/24/1905, 9:44 AM

စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီလုပ်ငန်းညှိနှိုင်း

ရန်ကုန် မေ ၉

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံဗဟိုဦးစီးအဖွဲ့အစည်းအဝေးကြီး အောင်မြင်စွာကျင်းပနိုင်ရေး မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးတင်ခ(တက္ကသိုလ်တင်ခ)၊ ဦးသန်းမောင်(သန်းမောင်)နှင့် ဦးမြင့်သိန်း(မြင့်သိန်းအောင်)၊ အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း-တွံတေး)၊ တွဲဖက်အတွင်းရေးမှူးများနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ တက်ရောက်ကြသည်။

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့
ဗဟိုဦးစီးအဖွဲ့အစည်းအဝေး ၂၀၀၄ ခုနှစ်
မေလ (၁၁) ရက်မှ (၁၃) ရက်
ပြည်ထောင်စုခန်းမ၊ ကျိုက္ကဆံကွင်း
ရန်ကုန်မြို့

အစည်းအဝေးတွင် သဘာပတိအဖြစ်အဖွဲ့ဥက္ကဋ္ဌဦးလှမြိုင်(ကိုဆောင်း)က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ်တွဲဖက်အတွင်းရေးမှူး ဦးခင်ဆွေ(ရွှေစွန်ညို)က ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိက အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် ဗဟိုဦးစီးအဖွဲ့အစည်းအဝေးကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ထားရှိမှုများကို တင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကြီးအတွက် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌကိုယ်စား ဦးဘိုသိန်း(တောင်တွင်းဘိုသိန်း)က အလှူငွေကျပ် ၅၀၀၀၀နှင့် ဗဟိုအမှုဆောင်ကော်မတီဝင် ဒေါ်ခင်ခင်စိန်(ယုဝတီခင်စိန်လှိုင်)က အလှူငွေကျပ် ၅၀၀၀၀တို့ကိုပေးအပ်လှူဒါန်းကြသည်။

ကြိုးပမ်းဆောင်ရွက်

ထို့နောက်သဘာပတိက တတိယအကြိမ်ညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ အပြီးသတ် ကြိုးပမ်းဆောင်ရွက်ကြရန် နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

Myitkyina Open ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ (၁၈)ကျင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

MYANMAR GOLF TOUR
MYITKYINA OPEN 2004

ရန်ကုန် မေ ၉

မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် Myanmar P.G.A တို့က ကြီးမှူး၍ Jade Land Myanmar Co., Ltd က အဓိကပံ့ပိုးသည့် ၂၀၀၄ ခုနှစ် မြန်မာ-ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယပွဲစဉ် Myitkina Open ဂေါက်သီးရိုက်ပြိုင်ပွဲကို မေ ၇ရက် နံနက် ၇နာရီက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ Northern Star ဂေါက်ကလပ်၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ ဒုတိယနေ့ (၁၈)ကျင်းကစားအပြီး၌ Professional Golfers ပြိုင်ပွဲတွင် ဇော်ဇော်လတ် (Pan-West)ကပင် ၆၇+၇၂ပေါင်း ၁၃၉ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ယဉ်အောင်လတ်က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျော့ရိုက်ပြီး ၇၅+၇၀ ပေါင်း ၁၄၅ချက်ဖြင့် ဒုတိယလိုက်ပြီး၊ Derek Htet Doe က ၇၃+၇၃ပေါင်း ၁၄၆ချက်ဖြင့် တတိယလိုက်နေသည်။

မြင့်သောင်း (KM Golf Centre) က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျော့ရိုက်ပြီး ၇၆+၇၀ ပေါင်း ၁၄၆ချက်ဖြင့် ဒုတိယလိုက်ပြီး၊ ကျော်စွာလင်း (PING)က ၇၅+၇၃ ပေါင်း ၁၄၈နှင့် မင်းနိုင် (Srixon)က ၇၄+၇၄ ပေါင်း ၁၄၈ချက်စီဖြင့် ပူးတွဲတတိယလိုက်နေကြသည်။

အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် သိန်းဇော်မြင့်ကပင် ၇၀+၇၂ ပေါင်း ၁၄၂ချက်ဖြင့် ဦးဆောင်ကစားလျက် ရှိသည်။

ယခု ကျင်းပလျက်ရှိသော Myitkyina Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အောင်ပွဲရမည့် ဂေါက်သီးရိုက် အားကစားသမားများအား ထိုက်ထိုက်တန်တန် ဆုကြေးငွေချီးမြှင့်မည်ဖြစ်ရာ Professional Golfers ပြိုင်ပွဲတွင် ပထမဆုကြေးငွေအဖြစ် ၁၀သိန်း၊ ဒုတိယဆုကြေးငွေအဖြစ် ခြောက်သိန်း၊ တတိယဆုကြေးငွေအဖြစ် လေးသိန်း ငါးသောင်း ချီးမြှင့်မည်ဖြစ်ပြီး အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင်လည်း ထိုက်ထိုက်တန်တန် ဆုများချီးမြှင့်မည်ဖြစ်ရာ ပထမဆုအဖြစ် ငွေကျပ် လေးသိန်းနှင့်ညီမျှသော ဆုပစ္စည်းများ၊ ဒုတိယဆုအဖြစ် ငွေကျပ်သုံးသိန်းနှင့်ညီမျှသော ဆုပစ္စည်းများ၊ တတိယဆုအဖြစ် ငွေကျပ် နှစ်သိန်း ငါးသောင်းနှင့် ညီမျှသော ဆုပစ္စည်းများကို ချီးမြှင့်ကြမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို Tour Sponsor အဖြစ် Rothmans of Pall Mall Myanmar Pte., Ltd ကလည်းကောင်း၊ Co- Sponsors များအဖြစ် Myanmar Si Thu Co., Ltd ကလည်းကောင်း၊ May and Mark Co., Ltd ကလည်းကောင်း၊ Kaung Myat Co., Ltd ကလည်းကောင်း Official Hotel အဖြစ် Punt Sun Hotel ကလည်းကောင်း အသီးသီးထပ်မံ၍ ကူညီကြသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်းဂျာနယ် အမှတ် (၄၄၉) ဖြန့်ချိ



ရန်ကုန် မေ ၉

နိုင်ငံတကာသတင်းဂျာနယ်အမှတ် (၄၄၉)ကို ယနေ့ (တနင်္လာနေ့)မှစ၍ ဖြန့်ချိလိုက်သည်။ **(အပေါ်ပုံ)**

မီဒီယာခေတ်မကျန်ရစ်ဖို့ဟူသော ဂျာနယ် ဦးတည်ချက်ဆောင်ပုဒ်ဖြင့် ရေးသားထုတ်ဝေလျက်ရှိသော နိုင်ငံတကာသတင်းဂျာနယ်၏ ယခု ရက်သတ္တပတ်ထုတ်တွင် အီရတ်အကျဉ်းသားများအပေါ် အမေရိကန်၏ ရက်စက်ယုတ်မာသော ညှဉ်းပန်းနှိပ်စက်မှုများ၊ ဆလိုဗေးနီးယားနိုင်ငံ အကြောင်းသိကောင်းစရာ၊ ကာလီဖိုးနီးယားတောမီး၊ နီပေါဝန်ကြီးချုပ် ရာထူးမှနုတ်ထွက်၊ အိုစမာဘင်လာဒင်၏ ဆုတော်ငွေ၊ မဒရစ်ဗုံးခွဲတိုက်ခိုက်မှု၊ ဘာဆရာမြို့တိုက်ပွဲ၊ အီရတ်အကျဉ်းသားများ နှိပ်စက်ခံရမှု တူရကီဝေဖန်၊ အီရတ်ဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ရေး သဘောကွဲ၊ ကွန်ပျူတာ ဗိုင်းရပ်စ်ပိုးအသစ်၊ မိခင်နို့တိုက်ကျွေးခြင်းနှင့် အဝလွန်မှုဆက်စပ်၊ ၂၀၀၃ခုနှစ် အမေရိကန်ပြည်ထောင်စု၏ လူ့အခွင့်အရေးများဆိုင်ရာ မှတ်တမ်း၊ ဖိလစ်ပိုင်ကူးတို့သင်္ဘောမြုပ်မှုနှင့်အကြမ်းဖက်မှုလက်သည်၊ နိုင်ငံတကာ ဟာသ၊ ဒိန်ဘင်ဖူးတိုက်ပွဲဆင်နွှဲမှု နှစ်၅၀ပြည့်၊ အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များ အဆိုးရွားဆုံးအခြေအနေနှင့် ရင်ဆိုင်ရန်အသင့်၊ ဂျပန်ကားကုမ္ပဏီပြစ်ချက်များကို ဖုံးဖိထား၊ အီရတ်တပ်ဖွဲ့ ဖော်လူဂျာမြို့တွင်းသို့ ဝင်ရောက်၊ ကုလသမဂ္ဂရုံးချုပ် လုံခြုံရေး၊ ဒုတိယမြောက် သမ္မတရာထူးသက်တမ်းအတွက် ရုရှားသမ္မတပူတင် ကျမ်းသစ္စာကျိန်ဆို စသည့် သတင်းများနှင့် သတင်းဆောင်းပါးများကို ဝေဝေဆာဆာ ဖော်ပြထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မိုင်းဆတ်ဂေါက်ကွင်းတွင် တစ်ချက်တည်းကျင်းဝင်

ရန်ကုန် မေ ၉

မိုင်းဆတ်မြို့ ဘုရင့်နောင် ဂေါက်ကွင်းတွင် ဧပြီ ၁၈ ရက် ညနေ ၃ နာရီခွဲက အမှတ်(၃)ကျင်းအရောက် ကောအဝေး(Callaway-°Wood-5) ဂေါက်သီး Toppoint(2)ဖြင့် ဦးထွန်းရွှေက ၁၆၅ ကိုက် အကွာအဝေးမှ ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့သည်။ ယင်းအချိန်တွင် ဦးခင်မောင်သိန်း၊ ဦးဝင်းနှင့် ဦးခင်မောင်လတ်တို့အတူ ပါဝင်ကစားခဲ့ကြကြောင်း သိရသည်။ **(က-ပ)**

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ကျွန်တော် **ဗိုလ်မှူးထိန်လင်း** နှင့် ကျွန်မ **မမျိုးကေခိုင်** တို့၏ ၉-၅-၂၀၀၄ရက် Sedona Hotel တွင်ပြုလုပ်သော မင်္ဂလာဧည့်ခံပွဲ၌ မင်္ဂလာလက်စွပ် ဆင်မြန်းပေးသော ဒုတိယတပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်မှူးချုပ်ဉာဏ်ဝင်းနှင့် ဇနီးဒေါ်မြင့်မြင့်စိုး၊ မင်္ဂလာပန်းကုံးဆင်မြန်းပေးသော ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာပိုက်တင်နှင့် ဇနီးဒေါ်စိန်ရင်၊ အခမ်းအနားမှူးအဖြစ်ကူညီပေးသော အန်တီဒေါ်ကြူကြူသင်း၊ မင်္ဂလာဧည့်ခံပွဲဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီကြသော မိတ်ဆွေ၊ သူငယ်ချင်းများနှင့် ဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်မှူးထိန်လင်း-မမျိုးကေခိုင်။

ဆေးတက္ကသိုလ်(၁)၁၉၆၇-၇၄ ကျောင်းသား၊ ကျောင်းသူများ၏ ဘွဲ့ရနှစ်(၃၀)ပြည့်ဆရာကန်တော့ပွဲနှင့်မိတ်ဆုံစားပွဲ

ကျင်းပမည့်ရက် - ၁၈-၁၂-၂၀၀၄ (စနေနေ့)
ကျင်းပမည့်အချိန် - ဆရာကန်တော့ပွဲ - နံနက်ပိုင်း
မိတ်ဆုံစားပွဲ - ညနေပိုင်း

၂၀၀၄ခုနှစ် လိပ်စာစာအုပ်ကို အချိန်မီပြုစုရန်နှင့် ဖိတ်စာများဝေငှနိုင်ရန်အတွက် ပေးပို့ထားသော ကိုယ်ရေးရာဇဝင်ပုံစံကို ၃၁-၇-၂၀၀၄ရက် နောက်ဆုံးထား၍ ပေးပို့ပါရန်နှင့် ဖြည့်စွက်ရန် ကိုယ်ရေးရာဇဝင်ပုံစံ မရရှိသေးပါက အောက်ပါသူငယ်ချင်းများထံ ဆက်သွယ်နိုင်ပါသည်။

၁။ မမြခိုင် **ဖုန်း-၅၅၇၆၉၂**
၂။ ခင်ဌွေးအေး **ဖုန်း-၅၂၄၀၂၉**
၃။ မြစန္ဒာခိုင် **ဖုန်း-၀၉-၅၀-၀၃၀၅၇**

(၈)နှစ်ပြည့် မွေးနေ့ဆုတောင်း

ချစ်သမီးကြီး **မမေသရဖူလွင်** (တတိယတန်း-ဂ၊ T.T.C ၊ ပြည်လမ်း)၊ Primary B.(A) (I.L.B.C) ၏ ၁၀-၅-၂၀၀၄ရက်တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်များစွာတိုင် ကျန်းမာရွှင်လန်း၍ ထူးချွန်ထက်မြက်သော သမီးလိမ္မာလေး ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်ပါပါ-ဦးတင့်လွင် (Director -K.S.N Co.,Ltd.)
ချစ်မေမေ-ဒေါ်ခိုင်ဝါသိန်း(မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်)
ချစ်ညီမလေး-မမေသရဖီလွင်(တန်းခွဲ-G၊ စံပြမူကြို)

OD Tour အဆင့်မြင့်ဘုရားဖူးနှင့် အပန်းဖြေခရီးစဉ်

(၁) မန္တလေး၊ မူဆယ်၊ ရွှေလီ	May 14, 21	မှန်မှန်ကန်ကန်
(၂) တောင်ကြီးခရီးစဉ်	May 14, 21	OD Style
(၃) ကမ်းခြေများနှင့် ရခိုင်ခရီး	By Flight...	
(၄) မန္တလေး၊ စစ်ကိုင်း၊ ပြင်ဦးလွင်	May 12, 13	
(၅) ချောင်းသာကမ်းခြေခရီးစဉ်	May 14, 21	မှန်မှန်ကန်ကန်

မြို့တွင်း/ပြင် ခရီးမျိုးစုံအတွက်ကားမျိုးစုံငှားရမ်းနိုင်ပါသည်။

အမှတ် ၅၂ ကျွန်းတောလမ်း၊ စမ်းချောင်း၊ ဖုန်း-၅၀၄၈၀၈၊ ၅၃၇၆၇၂

ဆရာအာသာ B.A. (English); Dip. in E.L.T.

SPOKEN ENGLISH သင်တန်းများ

May - 11, 15, 24 Jun - 7, 14, 21, 28

SUCCESS LANGUAGE ACADEMY

202046

Home Distribution Group

Ready Made Floor

High - tech of Germany

Decorative Wall Covering

High - tech of Italy

(Office & Show Room)

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတ သိရီမထေရ်အား ပူဇော်ပွဲကျင်းပ

ပြည် မေ ၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၄ ခုနှစ်တွင် သာသနာတော်ဆိုင်ရာ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့ ရွာဘဲနယ်မြေ ရွှေညောင်ပင်ကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတ သိရီမထေရ်အား ဂုဏ်ပြုပူဇော်ပွဲအခမ်း အနားကို မေ ၃ ရက် နံနက် ၇ နာရီခွဲက ကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာန နာယက ဆရာတော် (အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ဘဒ္ဒန္တကုဏ္ဍလဇောတိကက ကိုးပါးသီလချီးမြှင့်တော်မူပြီး ဆရာတော်သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသည်။

ထို့နောက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌဗိုလ်မှူးကြီးလှမင်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး ဗိုလ်မှူးကြီးလှမင်းနှင့် အလှူရှင်များက ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တပဏ္ဍိတသိရီ၏ ထေရုပ္ပတ္တိကိုကျွန်းတော်ကျောင်းတိုက် ပဓာန နာယကဆရာတော်ဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တပဏ္ဍိတကလည်းကောင်း၊ဂုဏပူဇာ ဂါထာတော်များကို ရတနာမာရ်အောင် တောရကျောင်းတိုက် တိုက်အုပ်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တနေမိန္ဒက လည်းကောင်း၊ ဂုဏပူဇာ ရှစ်လုံးဘွဲ့ ကဗျာများကို ကျောက်တော်ကြီး ဓမ္မစကြာဝတ်အသင်းနှင့် ထူပါရုံဓမ္မစကြာဝတ်အသင်းတို့ကလည်းကောင်း အသီးသီးရွတ်ဖတ် ပူဇော်ကြသည်။ **(၄၀၃)**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)တို့ ပူးပေါင်းဖွင့်လှစ်သော တပ်မတော်(ရေ)ရေကြောင်းရဲညွှန့်လောင်းသင်တန်း အခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၀၄) နှင့် တန်းမြင့်သင်တန်း အမှတ်စဉ် (၁/၂၀၀၄)မော်လမြိုင်စခန်းဖွင့်ပွဲကို ဧပြီ၂၆ရက်က မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရာမညခန်းမ၌ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် အဖွင့်အမှာစကား ပြောကြားစဉ်။ (၁၆၈)

မိုးယံဇင်ရွှေမန်း စာကြည့်တိုက်လှူဒါန်း

တံတားဦး မေ ၆

တံတားဦးမြို့နယ် ကျောက်တန်းကျေးရွာမှ အမေရိကန်နိုင်ငံ၌ သာသနာပြုနေသည့် ဆရာတော် ဦးဉာဏိန္ဒ (မစိုးရိမ်)က ဆေးခန်း၊ စာသင်ကျောင်း၊ မုခ်ဦးနှင့် မိုးယံဇင်ရွှေမန်း စာကြည့်တိုက်လှူဒါန်းပွဲကို မေ ၃ ရက် နံနက် ၈ နာရီက ကျောက်တန်းကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။ ထို့နောက် အလှူရှင်ဆရာတော် ဦးဉာဏိန္ဒ(မစိုးရိမ်)က စာကြည့်တိုက် ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကျေးရွာရှိ တာဝန်ရှိသူများကို လိုအပ်သည်များ မိန့်ကြားသည်။ မိုးယံဇင်ရွှေမန်းစာကြည့်တိုက်နှင့် ပတ်သက်၍ စာအုပ်မျိုးစုံ အုပ်ရေ ၁၀၀၀ ကျော်နှင့် ငွေကျပ် ၁၉ သိန်းကျော်တန် (၃၁ပေ x ၁၅ ပေ) စာကြည့်တိုက်အဆောက်အအုံကိုလည်းကောင်း၊ ကျပ် ၃၅ သိန်းကျော်တန်(ပေ ၄၀ x ပေ၂၀) စာသင်ကျောင်းဆောင်နှင့် ဆေးဝါးမျိုးစုံတို့ကို လှူဒါန်းကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနား မော်လမြိုင်ကျွန်း အားကစားကွင်း၌ကျင်းပ

မော်လမြိုင်ကျွန်း မေ ၇

(၅၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မော်လမြိုင်ကျွန်းမြို့ ပြည်သူ့အားကစားပြိုင်ကွင်းတွင် မေ ၅ ရက် နံနက် ၇နာရီကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးဝင်းမြင့် အမှာစကားပြောကြားသည်။

အခမ်းအနားတွင် (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ကြောင်းတွင် ပါဝင်ချီတက်ခဲ့ကြသော အရန်မီးသတ်တပ်ဖွဲ့ဝင် လေးဦးတို့ကို မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က တစ်ဦးချင်း ဂုဏ်ပြုဆုပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော မော်လမြိုင်ကျွန်း မြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀၅ ဦးတို့က မြို့နယ်ဥက္ကဋ္ဌအား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြပြီး မြို့တစ်ပတ် စစ်ကြောင်းပုံဖြင့် လှည့်လည်ကြသည်။ **(ဝ၉၇)**

အမြို့မြို့ အနယ်နယ် သတင်းများ

ဧပြီ ၂၇ ရက်က ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးကြဲတိုင်းဆောင် ကျောက်တန်းမြို့ မြို့ရေပေးဆောင်ရွက်လျက်ရှိသည့် ဆင်ကန်ရေပိုမိုသိုလှောင်နိုင်ရေးအတွက် ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ယန္တရားများဖြင့် တာပေါင်ကြံ့ခိုင်မှုဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ခရမ်းမြို့နယ် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဖွင့်

ခရမ်း မေ ၃

၂၀၀၄ခုနှစ် ခရမ်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ရပ်ကွက်နှင့် ကျေးရွာအုပ်စုပေါင်းစုံ အလွတ်တန်း ဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၉ရက်က မြို့နယ်ပြည်သူ့အားကစားကွင်းကြီးတွင် ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဦး တက်ရောက် အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ဥက္ကဋ္ဌအားပြိုင်ပွဲဝင်အသင်း ၂၂ သင်းက ချီတက်အလေးပြုကြသည်။ **(အောက်ပုံ)** ကွင်းဖွင့်ပွဲအဖြစ် အမှတ်(၇) ရပ်ကွက်နှင့်ဘုရားပျိုကျေးရွာ ဘောလုံးအသင်းတို့ဆက်လက်၍ ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိသရေပွဲ ဖြစ်သွားသည်။ **(က-ပ)**

(၂၆)ကြိမ်မြောက် ဘိုးဘွားကန်တော့

ညောင်ရွှေ ဧပြီ ၁၉

ရှမ်းပြည်နယ်(တောင်ပိုင်း)ညောင်ရွှေမြို့နယ် စိန်ရတုဆွမ်းစာကျောင်းတွင် မြန်မာနှစ်ဆန်း တစ်ရက်နေ့ အထိမ်းအမှတ်အဖြစ် ၁၃၆၆ ခုနှစ် (၂၆)ကြိမ်မြောက် အသက် ၇၅ နှစ်နှင့်အထက် ဘိုးဘွားကန်တော့ပွဲအခမ်းအနားကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်စိုးနှင့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲမွန်တို့က အလှူငွေများ လှူဒါန်း ကန်တော့ကြသည်။ **(ဝ၂၇)**

မြန်မာ့အသံ

၁၁-၅-၂၀၀၄(အင်္ဂါနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ခန္ဓသုတ်)

နေ့လယ်ပိုင်း

၁၁:၁၅ စက်မှုစွမ်းအားခေတ်ကျော်လွှား (မျောက်ခေါင်းမှိုထုတ်လုပ်မှု အကြောင်း)

၁၁:၃၀ မြန်မာ့မှုဟန် ဇာတိမာန်ဟောပြောချက် (ခေါင်းဆောင်ကောင်းပီသသည့် မြိတ်မြို့ဝန် ဦးမြတ်လေး) (ညွှန့်ဟံ-ကြူတော)

၁၂:၀၀ သူ့အတွေးနှင့် သူ့အရေး (အကျိုးရှိသော ဘဝနေနည်း- သန်းငြိမ်းအေး)

၁၂:၂၀ ဇာတ်လမ်းပမာနားဆင်စရာ (အလှဆုံးပန်းများ လန်းပါစေ)

၁၂:၄၅ မျက်မှောက်ရေးရာဆွေးနွေးစရာ

နေ့လယ်ပိုင်း

၁၆:၂၀ ကျေးလက်ဇာတ်လမ်း (လွန်တာပေါ့ ကိုဖိုးထိန်)

၁၇:၀၀ တပ်မတော်စာတိုက်

၁၇:၁၀ ကမ္ဘာ့ဂီတ

၁၇:၃၀ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (သွေးပူလေ့ကျင့်ခန်း) (ဦးဉာဏ်ထွန်း)(ညွှန်မှူး၊အား/ကာ)

၁၇:၅၀ သောတရှင်အတွက်ပြန်ကြားချက်

၁၈:၁၅ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင်သနပ်ခါးပင်)

၁၈:၃၀ ခရီးသွားစကားဝိုင်း

၂၀:၃၀ ကလေးများအတွက် တေးသီချင်းများ

မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အလှူငွေပေးအပ်ခြင်းနှင့်စက်ချုပ်သင်တန်းဖွင့်ပွဲကျင်းပ

ညောင်ဦး မေ ၄

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် ညောင်ဦးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အမှုဆောင်များနှင့် အသင်းသူ အသင်းသားများက ဧပြီ ၃၀ရက်တွင် မြို့ပေါ်ရပ်ကွက်များရှိ သက်ကြီးရွယ်အို ဘိုးဘွားများအား အလှူငွေပေးအပ်လှူဒါန်းခြင်းနှင့် (၁/၂၀၀၄)စက်ချုပ်သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပရာ အခမ်းအနားတွင် အသင်းနာယက ဒေါ်အေးအေးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ အသင်းအတွင်းရေးမှူး ဒေါ်မြင့်မြင့်သန်းက ဘိုးဘွားများအား ဒါနပြုလုပ်ရခြင်းအကြောင်းနှင့် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းတွင် သင်တန်းသူ ၃၀တက်ရောက်ကြပြီး **(အပေါ်ပုံ)** သင်တန်းမှာ တစ်လဖြစ်ကြောင်း သိရသည်။ **(၃၀၀)**

မီးပြစံပြကျေးရွာ၊ကမာကလုတ်စံပြကျေးရွာနှင့် ကော့ဒွန်းချောင်းကူးတံတားဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် မေ ၉

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် မီးပြစံပြကျေးရွာ၊ ကမာကလုတ်စံပြကျေးရွာနှင့် ကော့ဒွန်းချောင်းကူးတံတား ဖွင့်ပွဲအခမ်းအနားများကို မေ ၆ရက် နံနက်ပိုင်းက အဆိုပါကျေးရွာများနှင့် ကော့ဒွန်းတံတားတို့၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးတို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

မီးပြစံပြကျေးရွာ

ရှေးဦးစွာ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် မီးပြစံပြကျေးရွာဖွင့်ပွဲအခမ်းအနားကို နံနက် ၆နာရီခွဲတွင် အဆိုပါ စံပြကျေးရွာ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှု ကော်မတီနာယက ဒေါ်ခင်သက်ဌေးက မီးပြစံပြကျေးရွာကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက မီးပြစံပြကျေးရွာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် မီးပြစံပြကျေးရွာ စက်ရေတွင်းဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြံတိုင်းဆောင်နှင့် စက်ရေတွင်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးလှခိုင်တို့က မီးပြစံပြကျေးရွာ စက်ရေတွင်းကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးသည်။

ယင်းနောက် မီးပြစံပြကျေးရွာပျိုးခင်းသစ် စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ကျောက်တန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဇော်နှင့် ပျိုးခင်းသစ်စာကြည့်တိုက် ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်ထွန်းတို့ ပျိုးခင်းသစ်စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် မီးပြစံပြကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ မူလတန်းကြိုကျောင်းဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးနှင့် ကျောက်တန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မူမူဆွေတို့က မူလတန်းကြိုကျောင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ကော့ဒွန်းချောင်းကူးတံတား

ဆက်လက်၍ ကျောက်တန်းမြို့နယ် ဇွဲဘာကုန်းတန်းကျေးရွာအနီးရှိ ကော့ဒွန်းချောင်းကူး ကွန်ကရစ်တံတား ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်နှင့် ရန်ကုန်တောင်ပိုင်းခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူး ဦးမြသက်အောင်တို့က ကော့ဒွန်းချောင်းကူး ကွန်ကရစ်တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

အဆိုပါကော့ဒွန်းချောင်းကူးတံတားသည် အရှည်ပေ ၁၁၀၊ အကျယ် ၁၃ပေရှိပြီး တံတားကြီးပြီးစီးသွားသဖြင့် ကျောက်တန်းမြို့နယ် ပန်းတောမီးပြ၊ ဇွဲဘာကုန်းတန်း၊ ကုလားတန်း၊ ရှမ်းချောင်း၊ မရမ်းဘေး၊ ပုတ္တလုတ်တံတား၊ ခနောင်၊ မင်္ဂလွန်၊ ကမာကလုတ်၊ ပန်းတောကျေးရွာများသို့ မော်တော်ယာဉ်ဖြင့် သွားလာနိုင်ပြီးဖြစ်သည်။

ကမာကလုတ်စံပြကျေးရွာ

ဆက်လက်၍ ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ကမာကလုတ် စံပြကျေးရွာဖွင့်ပွဲအခမ်းအနားကို အဆိုပါကျေးရွာထိပ်၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးက ကမာကလုတ်စံပြကျေးရွာကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ကမာကလုတ်စံပြကျေးရွာ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ကမာကလုတ်စံပြကျေးရွာ စက်ရေတွင်းဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်တင်နှင့် အုတ်ရေကန် အလှူရှင် ဦးမိုးညိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ကမာကလုတ်စံပြကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲ မူလတန်းကြိုကျောင်းဖွင့်ပွဲ အခမ်းအနားကိုကျင်းပရာ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့် ရှောက်ရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှမြင့်နှင့် ကမာကလုတ်စံပြကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲဥက္ကဋ္ဌ ဒေါ်ခင်ဌေးရီတို့က မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ မူလတန်းကြိုကျောင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ **(သတင်းစဉ်)**

တကောင်းမြို့ ရှေးဟောင်းလေးမျက်နှာဘုရားကြီး ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်

အေဒီ(၁၁)ရာစု အနော်ရထာမင်းကြီး ကောင်းမှုတော်ဖြစ်သော လေးမျက်နှာဘုရားကြီးသည် ငလျင်ဒဏ်၊ ရာသီဥတုဒဏ်တို့ကြောင့် ပြိုကျပျက်စီးခဲ့ရပြီး နှစ်ပေါင်းများစွာ တောချုံများ အုပ်ဖုံးလျက် အုတ်ကုန်းကြီးဘဝ ရောက်ခဲ့ရသည်ကို ယဉ်ကျေးမှုဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် တကောင်းမြို့ဟောင်းတွင် ပြန်လည်ပြုပြင်တည်ဆောက်ပါမည်။ စေတနာရှင် ကုသိုလ်ရှင်များ သဒ္ဓါတရားထက်သန်စွာဖြင့် ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်ပါသည်။



အုတ်တစ်ချပ် (၁၂ x ၆ x ၃)	-	၄ဝိ/-
ဘိလပ်မြေတစ်အိတ်	-	၄၀၀ဝိ/-
သဲတစ်ကျင်း	-	၆၀၀ဝိ/-
မြစ်ကျောက်(အသေး)တစ်ကျင်း	-	၂၀၀၀ဝိ/-
ထုံး (တစ်အိတ်)	-	၁၀၀ဝိ/-
သဲကျောက်ပြားတစ်ချပ် (၁၂ x ၁၂)	-	၅၀ဝိ/-

ယဉ်ကျေးမှုဝန်ကြီးဌာန	(ဝန်ကြီးရုံး)	ဖုန်း - ၅၄၃၂၇၅၊ ၅၄၃၂၃၃
ရှေးဟောင်းသုတေသနဦးစီးဌာန	(ရုံးချုပ်)	ဖုန်း - ၅၁၂၁၄၀၊ ၅၁၂၁၃၉
ယဉ်ကျေးမှုအမွေအနှစ်ဒေသဌာနခွဲ	(မန္တလေး)	ဖုန်း ၀၂ - ၃၆၃၆၅၊ ၀၂ - ၃၉၁၅၆

တကောင်းမြို့ လေးမျက်နှာဘုရား ဂေါပကအဖွဲ့ ရုံး။

တိပိဋကစာမေးပွဲအောင်သာသနာ့အာဇာနည်များ ချီးကျူးပူဇော်ပွဲ တိပိဋကဓမ္မရက္ခိတအဖွဲ့ ဗိမာန်တော်တွင် ကျင်းပမည်

ရန်ကုန် မေ ၉

နိုင်ငံတော်သံဃမဟာ နာယကဆရာတော်ကြီးနှစ်ပါး၊ တိပိဋကတ်ရေ၊ တိပိဋကတ်ကောဝိဒ၊ ရွေးချယ်ရေးအဖွဲ့မှ ဆရာတော်ကြီးနှစ်ပါး၊တိပိဋကဓရ၊ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးခြောက်ပါးတို့ကို ရိုသေစွာပင့်ဖိတ်၍ တိပိဋကဓမ္မရက္ခိတအဖွဲ့၏ ပစ္စည်းလေးပါးကို ပေးမည့် အခြေအနေများကို လိုက်လံရှင်းလင်း ပြသကြသည်။ **(ဝဲပုံ)**

အလှူခံတော်မူလျက် (၅၆)ကြိမ်မြောက် တိပိဋကရေစာမေးပွဲတွင် ဖြေဆိုအောင်မြင်တော်မူကြသော သာသနာ့အာဇာနည် စာအောင်သံဃာတော်အရှင်သူမြတ်၃၈ပါးနှင့်သာမဏေမြတ်နှစ်ပါးတို့အား ချီးကျူးပူဇော်ပွဲအခမ်းအနားကို မေ ၂၃ ရက် တနင်္ဂနွေနေ့ နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ် ၁၅ ရှိ တိပိဋကဓမ္မရက္ခိတအဖွဲ့ ဗိမာန်တော်တွင်ကျင်းပမည်ဖြစ်ရာဆရာတော်သံဃာတော်အရှင်သူမြတ်တို့ထံသို့ ပင့်လျှောက်လွှာများ ဆက်ကပ်ထားပြီဖြစ်သော်လည်း ရသည်ဖြစ်စေ၊မရသည်ဖြစ်စေ အချိန်မီကြွရောက်တော် မူကြပါရန်နှင့် ဗိမာန်တော်အလှူရှင်များ၊ ဆွမ်းအလှူရှင်များ၊ ငွေပဒေသာပင်အလှူရှင်များ ကြွရောက်ကြည်ညိုလှူဒါန်းပူဇော်ခြင်းဖြင့် အနုမောဒနာတရား အတူတကွ နာကြားကြပါရန်နှင့် လှူဒါန်းလိုပါက ဖုန်း-၃၈၂၁၁၁၊ ၂၄၈၂၂၄ တိပိဋကဓမ္မရက္ခိတအဖွဲ့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့် စာအုပ်များလှူဒါန်း

ရေစကြို မေ ၂

ရေစကြိုမြို့နယ်ကျောက်ဖူးကျေးရွာ 'ဘဝတန်ဆောင်' ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဧပြီ ၂၃ ရက်က အဆိုပါ စာကြည့်တိုက် အဆောက်အအုံ၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးတင်အောင်ခိုင်၊ စာကြည့် တိုက်ဥက္ကဋ္ဌ ဦးတင်ဝင်းနှင့် ကျေးရွာ ဥက္ကဋ္ဌ ဦးဘသင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အခမ်းအနားတွင်ရေစကြိုမြို့နယ် ဥက္ကဋ္ဌ ဦးမောင်မောင်စိုးက အမှာစကားပြောကြားပြီးကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် စာအုပ်များ လှူဒါန်းကြရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဦးတင်အောင်ခိုင်က စာအုပ်မျိုးစုံ အုပ် ၅၀ ကိုလည်းကောင်း၊ နယ်မြေရဲကင်းမှူး တပ်ကြပ်မြဝင်းက စာအုပ်မျိုးစုံ ၂၅အုပ် ကိုလည်းကောင်းပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ **(မြို့နယ် ပြန်/**

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း စက်ရေတွင်းတူးဖော်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် တာဝန်ရှိသူများ လိုက်ပါ၍ မေ၅ရက် နံနက် ၇နာရီက တောင်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဦးဆောင်မှုဖြင့် အမှတ်(၆)ရပ်ကွက်အတွင်း စက်ရေတွင်း တူးဖော်ပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဗဟိုအလုပ်အမှုဆောင်ဗိုလ်မှူးချုပ် အောင်သိန်းလင်းအား သက်ဆိုင်ရာ တာဝန်ရှိသူများက တောင်ဥက္ကလာပ မြို့နယ် အမှတ်(၆)ရပ်ကွက်အတွင်း ရေမီတာတပ်ဆင်အသုံးပြုနိုင်ရန် ရပ်ကွက်နေ ပြည်သူများက ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်မည့် အခြေအနေနှင့် တကောင်းလမ်းတွင် ကန်ဟောင်းများကို မီးသတ် ရေလှောင်ကန် ပြုလုပ်ပြီး ရပ်ကွက် ပြည်သူများ အသုံးပြုရန် ရေတံုကင်များတပ်ဆင်ပေးမည့် အခြေအနေများကို လိုက်လံရှင်းလင်း ပြသကြသည်။ **(ဝဲပုံ)**

ထို့နောက်ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက ရပ်ကွက်နေပြည်သူများ အနေဖြင့် ရေကို လေလွင့်မှုမရှိစေရေး၊ စနစ်တကျဖြင့်သုံးစွဲရေးနှင့် ကျန်ရှိသည့် လိုအပ်သော ရပ်ကွက်များနှင့် အခြားမြို့နယ်များတွင်လည်း ရေပိုမိုသုံးစွဲရယူနိုင်ရေးဆောင်ရွက်ရန် တာဝန်ရှိသူအား မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များအပေါ် မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧပြီ၃ရက်က စစ်ကိုင်းတိုင်းစည်ပင် သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ ကန့်ဘလူမြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ မြို့သာယာရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် ပျိုးဥယျာဉ်အတွင်းပျိုးပင်များ ပျိုးထောင်ထားရှိမှုကိုကွင်းဆင်းစစ်ဆေးရာ အမှုဆောင် အရာရှိ ဦးအောင်ကိုလတ်က ရှင်းလင်းပြသစဉ်။
(မြို့နယ်စည်ပင်)

10-5 (16).p65 1 03/24/1905, 9:44 AM



မေ ၂ ရက်က ရန်ကုန်မြို့ သရက်တောကျောင်းတိုက် သက်တော်ရှည် ကျောင်းဆရာတော်ထံသို့ မီးအိမ်ရှင် စာအုပ်တိုက်ပိုင်ရှင် ဆရာဝန်စာရေးဆရာမ ယဉ်မင်းဦး (သီလရှင် ဆရာလေး မဝဏ္ဏသီဂီ) က ရေတွင်း တူးရန် မတည် အလှူငွေကျပ် တစ်သိန်း လှူဒါန်းစဉ်။ (က-ပ)

ရွှေမင်းဝံလမ်း တိုးချဲ့ဖောက်လုပ်

ကောလင်း မေ ၃

ကောလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရွှေမင်းဝံလမ်းမကြီးကို ယာဉ်နှစ်လမ်းသွားအဖြစ် တိုးချဲ့ဖောက်လုပ်ကြသည်။

အဆိုပါ လမ်းဖောက်လုပ်ရာတွင် စက်ယန္တရားကို အသုံးပြုပြီး မြေဖို့ခြင်း၊ လမ်းဧရိယာတိုးချဲ့ခြင်းနှင့် လမ်းနယ်နိမိတ် သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ဦးနှင့် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ကြောင်း သိရသည်။ (ဝ၂၆)

ပဲခူးမြို့နယ်ကျေးရွာပညာပဒေသာစာကြည့်တိုက်များဖွင့်လှစ်

ပဲခူး မေ ၃

ပဲခူးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများ၌ ကျေးလက်ပညာပဒေသာစာကြည့်တိုက်များဖွင့်ပွဲ အခမ်းအနားကို မေ ၃၀ ရက်က ပဲခူးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရေးဦးစွာမြို့နယ်ဥက္ကဋ္ဌဦးကျော်ဝင်းက အမှာစကား ပြောကြားသည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဦးစီးအရာရှိက စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ကျေးရွာအုပ်စုဥက္ကဋ္ဌများကို မဂ္ဂဇင်း၊ စာစောင်အုပ် ၅၀ စီကို လှူဒါန်းပြီး **(အပေါ်ပုံ)** အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(မြို့နယ် ပြန်/ဆက်)**

လှိုင်သာယာမြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးတို့၏ အစီအစဉ်ဖြင့် မြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်ရေး၊ မီးဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် အထူးသန့်ရှင်းရေးကိုမေ ၁ ရက်က ရန်ကုန်-ညောင်တုန်း လမ်းမဘေး ပီမိုးနင်းလမ်းထိပ်မှ ကျန်စစ်သားလမ်းထိပ်အထိ စုပေါင်းဆောင်ရွက်ကြရာ ရန်ကုန်မြောက်ပိုင်း ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးခင်သိန်းမောင်နှင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးဦးမျိုးသိန်းတို့က လှည့်လည်ကြည့်ရှုကြစဉ်။ (၁၈၀)

မျိုးဆက်ပွားဆင့်ပွား ပညာပေးဟောပြော

နွားထိုးကြီး မေ ၁၀

နွားထိုးကြီးမြို့နယ်တွင် မျိုးဆက်ပွားကျန်းမာရေးစီမံချက် နယ်ဆင့်ပွားပညာပေးဟောပြောပွဲများကို လျှော်ဖြူကျေးရွာ၊ မကျီးကုန်းကျေးရွာနှင့် အမှတ် (၈)ရပ်ကွက် အခြေခံပညာ မူလတန်းကျောင်းခန်းမတွင် မတ် ၃၀ ရက်က ပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

အခမ်းအနားတွင်မြို့နယ်အတွင်းရေးမှူး ဦးကျော်နိုင်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန ဒေါက်တာဦးခင်မောင်ကြီးက မျိုးဆက်ပွား ကျန်းမာရေးစီမံချက်နှင့် ပတ်သက်သည့် ဆောင်ရွက်ချက်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။ ထို့နောက်သင်တန်းနည်းပြဆရာမများက ရုပ်ပုံကားချပ်များဖြင့်ပညာပေးဟောပြောကြသည်။ (၂၁၃)

မေ ၂၇ရက်က ဇမ္ဗူသီရိမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့သော လမ်းလယ် ပန်းခုံများကို ညွှန်ကြားရေးမှူး ဦးဝင်းအောင် ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် စည်ပင်)

စစ်တွေစောနောင် ၏

အငှားခန္ဓာမြှောက်ရပြီ နှင့် ဝတ္ထုတိုများ

ဖြန့်ချိရေး

ထွက်ပြီ

မျိုးဆက်သစ်စာပေ၊ ဖုန်း-၂၄၉၉၄၁

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
မင်္ဂလာဈေး ပထမထပ်ဆိုင်ခန်းဖိုးပေးသွင်းငွေ ပြန်အမ်းမည်

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင် အဆင့်မြင့်မင်္ဂလာဈေး ပထမထပ်တွင် ဆိုင်ခန်းဖိုးပေးသွင်းထားသော ဆိုင်ခန်းရှင်များသည် ဈေးတည်ခင်းဖွင့်လှစ်ရောင်းချခြင်း မရှိခဲ့သဖြင့် ပထမထပ်ရှိ အငှားချထားပြီးခဲ့သော ဆိုင်ခန်းများအားလုံးကို အငှားချထားခြင်းမှ ပယ်ဖျက်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ပထမထပ်ရှိ ဆိုင်ခန်းများအားလုံးကို အငှားချထားခြင်းမှ ပယ်ဖျက်ပြီးဖြစ်သဖြင့် မိမိတို့ပေးသွင်းထားသော ဆိုင်ခန်းဖိုးငွေများကို အောက်ပါအထောက်အထားများ ယူဆောင်လာပြီး ဈေးနှင့်သားသတ်ဌာနသို့ ၇-၅-၂၀၀၆ ရက်မှစ၍ လာရောက်ထုတ်ယူနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

(က) ဆိုင်ခန်းဖိုးငွေ အကျေပေးသွင်းပြီးပါက ဆိုင်ခန်းငှားရမ်းခွင့် မှတ်ပုံတင်စာအုပ် သို့မဟုတ် ငွေသွင်းပြေစာမူရင်းများ။
(ခ) ဆိုင်ခန်းဖိုးငွေ အကျေမပေးသွင်းရသေးပါက ငွေပေးသွင်းထားသည့် ပြေစာမူရင်းများ၊
(ဂ) ဆိုင်ခန်းငှားရမ်းခွင့်ရရှိသူကိုယ်တိုင် လာရောက်ထုတ်ယူပါက မှတ်ပုံတင်၊ နိုင်ငံသားစိစစ်ရေးကတ် ယူဆောင်လာရန်။
(ဃ) ကိုယ်တိုင်မလာရောက်နိုင်ပါက ကိုယ်စားလှယ်လွှဲစာဖြင့် ထုတ်ယူနိုင်ပြီး ကိုယ်စားလှယ်အနေဖြင့် မှတ်ပုံတင် သို့မဟုတ် နိုင်ငံသားစိစစ်ရေးကတ်ပြား ယူဆောင်လာရန်။

ဌာနမှူး
ဈေးနှင့်သားသတ်ဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ဝမ်းနည်းကြေကွဲခြင်း

ကုန်အမှတ်တံဆိပ်၊အမည်အမှတ်အသား သတိပေးကြေညာချက်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ရာဇာဓိရာဇ်အိမ်ရာ၊ တိုက်အမှတ် ၂၆၁၊ အခန်းအမှတ် (၀၀၁)နေ ကျွန်ုပ်၏မိတ်ဆွေ ဦးအေးကျော်သူ ၁၂/ ဗတထ(နိုင်)၀၀၀၈၈၉ သည် အောက်တွင်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်၊ အမည်အမှတ်အသားကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် (၂၁၇၄/၂၀၀၄) ဖြင့် တစ်ဦးတည်းမူပိုင်အဖြစ် ဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။



ဦးအေးကျော်သူမှ အဆိုပါ ကုန်အမှတ်တံဆိပ်၊ အမည်အမှတ်အသားကို အရောင်အမျိုးမျိုး၊ အရွယ်အစား အမျိုးမျိုးပြုလုပ်ပြီး စက္ကူဘူး၊ စက္ကူအိတ်၊ ကော်ဘူး၊ ပုလင်း၊ ဖန်ပုလင်း၊ ပလတ်စတစ်ဘူး၊ ပလတ်စတစ်အိတ်၊ စက္ကူထုပ် အစရှိသည်တို့အပေါ်တွင် ကပ်နှိပ်လျက်၊ ဖိနှိပ်လျက်၊ ရိုက်နှိပ်လျက်၊ အရက်ပြန်ကို ထည့်သွင်းကာ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချ၊ ကြော်ငြာသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မည်သူတစ်ဦးတစ်ယောက်ကမျှဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုခုကမျှ ဖြစ်စေ၊ အထက်ပါ ကုန်အမှတ်တံဆိပ်၊ အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တစ်ခုလုံးကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှား ထင်ယောင်ထင်မှား ပြုလုပ်ခြင်း၊ အတုအပပြုလုပ်ခြင်း၊ သုံးစွဲခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ ထုတ်လုပ်ခြင်း၊ ကြော်ငြာခြင်း လုံးဝမပြုလုပ်ကြရန် အများသိစေရန် ကြော်ငြာအပ်ပါသည်။

ယင်းကဲ့သို့ တားမြစ်ကြော်ငြာခြင်းအား လိုက်နာခြင်းမရှိဘဲ ကျူးလွန်ဆောင်ရွက်မှုများပြုလုပ်ခဲ့ပါက ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ သက်ဆိုင်ရာ တရားရုံးများတွင် တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားစွဲဆို၍ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးတားမြစ်အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမေအောင်
B.Sc, R.L, D.B.L
ဥပဒေအကြံပေးနှင့် ဥပဒေအကျိုးဆောင်
အခန်း ၄၀၊ မြေညီထပ်၊ အမှတ် ၆၃၊ ဘဏ်လမ်း၊
တိုင်းတရားရုံး၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဦးအောင် ပါမောက္ခ၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

ဆရာ ၄-၅-၂၀၀၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပါမောက္ခနှင့်ဆရာ ဆရာမများ၊
ဓာတုဗေဒဌာန၊မန္တလေးတက္ကသိုလ်။

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ချုပ်ကိုကို-ဒေါ်စဝ်နွန်းခွန်ဆမ်တို့၏ ညီမထွေး၊ မောင်ရဲမင်းကိုကို၊ မောင်သီဟကိုကို၊ မစောသီရိကိုကို၊ မောင်စည်သူကိုကိုတို့၏ဒေါ်လေး ဒေါ်စဝ်ဆောင်းခွန်ဆမ်(ခ) အန်တီဆောင်းသည် ၅-၅-၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်းသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါက်တာမိုးသက်တင်-ဇာဇာ။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်စဝ်ဆောင်းခွန်ဆမ်(ခ)မဆောင်း
(လားရှိုးမြို့)

ဗိုလ်ချုပ်ကိုကို-ဒေါ်စဝ်နွန်းခွန်ဆမ်တို့၏ ညီမထွေး ဒေါ်စဝ်ဆောင်းခွန်ဆမ် (ခ) အန်တီဆောင်းသည် ၅-၅-၂၀၀၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒုတိယဗိုလ်မှူးကြီးစစ်အောင်-ဒေါ်မြင့်မြင့်ရှိန်
ဗိုလ်မှူးကျော်စိုးမြင့်-ဒေါ်ကြည်ကြည်အေး
အရာရှိ၊အရာခံ၊ အကြပ်စစ်သည်များနှင့်ဇနီးများ။

ဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခ ဒေါက်တာဦးအောင်
ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်
အသက်(၆၀)

